

# ရေးလာတဲ့ပေးစာ

သို့/ ဂွၰာ်းခေါ်အယ်ဒီတာ–ခင်ဗျား

ကျနော်ကျိုင်းတုံကပါ။ အစားလွန်ရင် ဗိုက်ကွဲတယ်ဆိုတဲ့အကြောင်းပြောပြချင်လို့ပါ။ အခုခေတ်မှာ ဝမ်းရေးအတွက် ရှာရခက်တော့ လူတွေက ရတဲ့နည်းနဲ့တွယ်တော့တာဘဲ။ ဒုစရိုက်ကိုနှိမ်နင်းဖို့ ပုလိပ်တပ်ဖွဲ့ထားတာမဟုတ်လား။ အခုတော့ စခန်းမှူးကိုယ်တိုင်မကောင်းမှုလုပ်၊ ရသမျှယူ။ သူ့အထုံး သူပြန်မဖြည်နိုင်တော့အဆုံးကိုယ့်ကိုယ်ကိုပြန်သတ်သေတဲ့အထိ ဖြစ်ရတာပေါ့။

ပြီးခဲ့တဲ့ စက်တင်ဘာလ ၂၅ ရက် နံနက် ၁၀ နာရီအချိန်က မိုင်းပြင်းစခန်းမှူး တင်ထွန်းဦး (အသက် ၅၀ နှစ်) က သူ့ခါးက ပစ္စတိုနဲ့ ကိုယ့်ကိုယ်ကို ပြန်အဆုံးစီရင်ပါတယ်။ သူမဖြေရှင်းနိုင်တဲ့ သူ့ပြဿနာက– ၁။ ဌာနပိုင်ငွေအလွန်အကျွံစားထားတာ ၂။ ရာဘ ပွဲစားလုပ်တာ။ အထက်ကသိတော့သူ့ကို တောင်ကြီးတက် ပြဿနာဖြေရှင်းဖို့ အမိန့်ချ ဆင့်ခေါ် တယ်။ သူ့လုပ်ရပ်ကို သူမဖြေရှင်းနိုင်တော့လို့ ကိုယ့်ကိုယ်ကို ပြန်သတ်သေသွားတယ်တဲ့။

သူ့အသုဘကိစ္စအတွက်လည်း မိုင်းပြင်းရဲစခန်းကဒေသခံတွေကို စုပေါင်းငွေထည့်ခိုင်းပြီး လုပ်ပေးတယ်။ သာမာန်အသုဘတောင်မဟုတ်ဘူး။ စည်စည်ကားကားလှလှပပလုပ်ပေးလိုက်ပါ – တဲ့အမိန့်ချလိုက်သေးတယ်။

စားလွန်းရင်ဝမ်းကွဲတယ်ဆိုတာ ငယ်ငယ်ကကြားဘဲကြားဖူးတယ်။ အခုတော့ လက်တွေ့ကျကျမြင်ရပြီ။ ကံတူအကျိုးပေးဆိုတဲ့အဓိပ္ပါယ်လည်းသတိထားနားလည်လိုက်ပါတယ်။ ဒါတောင်မှ ဒီစခန်းမှူးက သူ့ဝမ်းရေးအတွက်ဘဲလုပ်တာ။ သံဃာတော်တွေကို သတ်ဖြတ်၊ ပြည်သူလူထုငတ်ပြတ်တာကို လစ်လျူရှု၊ အာဏာအလွဲသုံးစားပြုတဲ့ စစ်အစိုးရလည်းမကြာတော့တဲ့တနေ့မှာမလွဲမသွေကြုံမှာငင်ပါလိမ့်မယ်။ သူတို့ပြေးမလွတ်ပါဘူး။

သတ္တဝါအပေါင်းကျမ္မာ ချမ်းသာပါစေ

ကျိုင်းတုံသား စိုင်းဆေ



## နိုင်ငံရေး

# ထောင်ဒဏ်နှစ်ရှည်ကျခံ သျှမ်းနိုင်ငံရေးအကျဉ်းသား ဆေးကုသခွင့်မရ

ရခိုင်ပြည်နယ် ဘူးသီးတောင်ထောင်၌ ထောင်ဒဏ် ၇၉ နှစ်ကျခံရသူမျိုးဆက်သစ်သျှမ်းပြည်အဖွဲ့ဝင်ဦးထွန်းညိုနှလုံးနှင့်သွေးတိုးရောဂါသည်းသန်လာသည်မှာ ၁ လခန့်ရှိပြီဖြစ်ကြောင်း၊ဆေးကုသခွင့်တောင်းသော်လည်းမရကြောင်း ရန်ကုန်မှလာသော သတင်းကဆိုပါသည်။

ပြီးခဲ့သည့်လက ထောင်ဝင်စာသွားတွေ့ခဲ့သူ ၎င်း၏တူမက *"၂၄ ရက်က ထောင်ဝင်စာသွားတွေ့တော့မှသိတာ။ အသက်ရှူမဝဘူး၊ သွေးအားနည်းတယ်၊ သွေးတိုးလည်းရှိတယ်၊ ပြီးတော့အခုတလော နှုတ် ခမ်းတွေပြာလာတယ်။ ဆေးရုံတက် ဆေးကုသခွင့်တောင်းတော့ ထောင်ပိုင်က ထောင်ဆရာဝန်တွေလာကြည့်ပေးတာဘဲလို့ပြောတယ်"* ဟု ပြောပြသည်။



ဦးထွန်းညို

သို့သော်ဦးထွန်းညိုက *"ထောင်ဆရာဝန်ကလည်းနားကျပ်နဲ့ ဟိုစမ်းဒီစမ်းလောက်ဘဲ ကြည့်ပေးတယ်။ ထိုးဆေး စားဆေးပေးတာ ၊ ထိထိရောက်ရောက် ကုသတာဘာမှမလုပ်ပေးဘူး"* ဟုပြောပြကြောင်း ၎င်း၏တူမက ဆိုသည်။

ပြင်ပမှထိုးဆေး၊ သောက်ဆေးများဝယ်၍ထောင်ဆေးမှူးထံ ပို့ထားပေးရကြောင်း မိသားစုဝင်တစ်ဦးက–

*"ဆေးတွေတော့ ဝယ်ပို့ထားပြီးပြီ။ ဒါပေမဲ့ ထောင်ဆေးမှူးက ကုပေးမလား စိတ်ပူရပြန်တယ်။ဆေးရုံတက်ဆေးကုဖို့ အာဏာပိုင်တွေဆီ မှာ ခွင့်တောင်းထားတယ်။ မျှော်လင့်ချက်တော့သိပ်မရှိဘူး"* ဟုဆို၏။

သျှမ်းပြည်အတိုင်ပင်ခံကောင်စီဖွဲ့စည်းမှုကိုနိုင်ငံတော်ပုန်ကန်မှု စွဲချက်ဖြင့် ၂၀၀၅ ဖေဖော်ဝါရီလက အပစ်ရပ် SSA မြောက်ပိုင်းနာယက ဗိုလ်ချုပ်ဆေထဲန်၊ SNLD သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ စဝ်ခွန်ထွန်းဦး၊ SNLD အတွင်းရေးမှူး စိုင်းညွန့်လွင်၊ ဗဟိုအလုပ် အမှုဆောင် စိုင်းလှအောင်၊ မျိုးဆက်သစ် သျှမ်းပြည်ခေါင်းဆောင် ဆရာသျှ်ာမြင့်သန်း၊ အဖွဲ့ဝင် ဦးထွန်းညို၊ ဦးညီညီမိုး၊ စိုင်းမျိုးဝင်းထွန်း တို့အား နအဖစစ်အစိုးရဖမ်းဆီး၍ နှစ်ရှည်ဒဏ်ချကာ ရာသီဥတုဆိုး ရွားသော ဗမာပြည်နယ်စွန်နယ်ဖျားအသီးသီးသို့ပို့ ဆောင်ထောင်ချခဲ့ သည်။ ထောင်အာဏာပိုင်တို့ အကြမ်းဖက်ရိုက်နှက်စစ်ဆေးမေးမြန်းမှု၊ ဆေးရုံတက်ဆေးကုသခွင့်မရမှု တို့ကြောင့် ၂၀၀၆ မေလကမျိုးဆက်သစ် သျှမ်းပြည်ခေါင်းဆောင် ဆရာသျှ်ာမြင့်သန်း ရခိုင်ပြည် သံတွဲထောင်တွင်း၌ ကွယ်လွန်သွားခဲ့သည်။

ပြီးခဲ့သည့် ဩဂုတ်စ်လကလည်း မန္တလေးတိုင်း မြင်းခြံထောင်၌ ထောင်ဒဏ် ၇၉ နှစ်ကျခံနေရသည့် သျှမ်းပြည်မျိုးဆက်သစ်အဖွဲ့ဝင် စိုင်းမျိုးဝင်းထွန်းတွင် နှလုံးရောဂါ၊ လိပ်ခေါင်းနှင့် စိတ်ရောဂါ ဝေဒနာအပြင် စိတ်ကျရောဂါအသည်းအသန်၊ ရခိုင်ပြည် ကျောက်ဖြူ ထောင်၌ ထောင်ဒဏ်၇၉ နှစ်ကျခံရသူSNLD - EC ဦးစိုင်းလှအောင်တွင်သွေးတိုး၊ ဆီးချိုရောဂါအသည်းအသန်၊ စစ်ကိုင်းတိုင်း ခန္တီးထောင်၌ ထောင်ဒဏ် ၁၀၆ ကျခံနေရသည့်အပစ်ရပ် SSA မြောက်ပိုင်းနာယက ဗိုလ်ချုပ်ဆေထဲန်တွင်မျက်စိရောဂါဝေဒနာ၊ကချင်ပြည်ပူတာအိုအကျဉ်းထောင်၌ ထောင်ဒဏ် ၉၆ နှစ်ကျခံနေရသူ SNLD သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ စဝ်ခွန်ထွန်းဦးနှင့် စစ်ကိုင်းတိုင်း ကလေးထောင်၌ ထောင်ဒဏ်၈၅နှစ်ကျခံရသူSNLD အတွင်းရေးမှူးစိုင်းညွန့်လွင်တို့တွင် သွေးတိုး၊နှလုံး၊ဆီးချို၊ ဂေါက်ရောဂါအသီးသီးခံစားနေရကြောင်း၊ထောင်ဝင်စာသွားတွေ့သည့် မိသားစုဝင်များက ဆေးကုသခွင့်ရဖို့ အာဏာပိုင်များထံတင်ပြတောင်းဆိုထားသော်လည်း တစုံတရာတုန့်ပြန်ဖြေကြားမှု မကြားရကြောင်း ကြားသိရပါသည်။ ❑

PRESIDENTS : TODAY AND TOMORROW



# ဗမာပြည်ပြောင်းလဲရေး ဘောဂျင်းကြေငြာချက်အပေါ် စဝ်ဟန်အမြင်

တရုတ်နိုင်ငံ ဘေဂျင်းမြို့မှာ 26/10/08 တုန်းက ပြီးစီးသွားတဲ့ အက်ဆဲမ် အာရှ–ဥရောပနိုင်ငံပေါင်း ၄၀ ကျော်ထိပ်သီးဆွေးနွေးပွဲက မြန်မာနိုင်ငံမှာနိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်လာစေဖို့ သက်ဆိုင်သူတွေအားလုံးပါဝင်တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေလုပ်သွားဖို့အတွက် ကြေငြာချက်ထုတ်ပြန်တိုက်တွန်းသွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဥရောပမြန်မာရုံး EBO ညွှန်ကြားရေးမှူး စဝ်ဟန်ယောင်ဟွေ့က အခုလိုပြောပါတယ်။



စဝ်ဟန် ယောင်ဟွေ့

Image: SHAN

*"တကယ်ဒီမိုကရေစီလိုလားရင် ရွေးကောက်ပွဲတစ်ခုတည်းနဲ့ လုပ်လို့မရဘူး။ ရွေးကောက်ပွဲဆိုရင်လည်း လူထုပါဝင်ရမယ်။ အတိုက်အခံတွေလည်းပါရမယ်။ လူတိုင်းပါမှ တကယ့်ရွေးကောက်ပွဲဖြစ်မယ်ဆိုတာပြောချင်တာဖြစ်မယ်။ ပြီးတော့ ပြန်လည်သင့်မြတ်ရေး ရှိရမယ်။ ဒါမျိုးမရှိရင်ရွေးကောက်ပွဲက အဓိပ္ပါယ်ရှိမှာမဟုတ်ဘူး ဆိုတဲ့သဘောဘဲ"*

*" တရုတ်အနေနဲ့ကတော့ ကျနော်တို့ပြည်ထောင်စုထဲမှာဖြစ်နေတဲ့ပြည်တွင်းပြဿနာတွေသူတို့ဝင်မရှုပ်ဘူး။ ဒါပေမဲ့တိုင်းပြည်ကောင်းစားဖို့အတွက်တော့ သူတို့ကြိုးစားမယ်ဆိုတဲ့သဘောဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့ပြည်ထောင်စုမှာ စစ်အစိုးရဖြစ်စေ၊ ဘယ်အစိုးရတက်လာသည်ဖြစ်စေ မြန်မာပြည်နဲ့တရုတ်ပြည်ကတော့ ပူးပေါင်းပြီးတော့မှ မိတ်ဆွေအနေနဲ့နေသွားမယ်ဆိုတဲ့သဘောရှိပါတယ်။ အဲဒါကြောင့်လဲ သူတို့ကလည်း ဒီအချိန်မှာနအဖကလုပ်မဲ့ရွေးကောက်ပွဲ တကယ်အလုပ်ဖြစ်မယ်ဆိုရင်သူတို့အတွက်လည်းကောင်းမယ်။ မြန်မာပြည်အတွက်လည်းကောင်းမယ်ဆိုတဲ့သဘောဖြစ်ပါတယ်"*

*"အခုရွေးကောက်ပွဲအကြောင်းမပြောပေမဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးမရှိရင်ရွေးကောက်ပွဲကအဓိပ္ပါယ်မရှိဘူး။သူတို့အနေနဲ့ ပြောချင်တာကတော့ အခုကစပြီးတော့ ရွေးကောက်ပွဲမတိုင်ခင်မှာပြန်လည်သင့်မြတ်ရေးလုပ်ကြပါ။ ပြန်လည်ဆွေးနွေးကြပါ။ ဖမ်းထားတဲ့ပုဂ္ဂိုလ်တွေကိုလည်းလွှတ်ပေးပါ။ တကယ့်နိုင်ငံရေးအဖြေရှာတဲ့ နည်းလမ်းဖြစ်လာမယ်လို့ ကျနော်နားလည်ပါတယ်"*

*"သူတို့ အခုမှတိုက်တွန်းနေတာမဟုတ်ပါဘူး။ ၂ နှစ်လောက်ရှိပါပြီ။ ကုလသမဂ္ဂ ကြိုးစားထားတဲ့ ဂမ်ဘာရီတို့ ခရီးစဉ်မှာလည်း တရုတ်အကူအညီပါပါတယ်"*

*"တရုတ်အစိုးရကို မြန်မာပြည်ပြောင်းလဲရေးမှာ တရုတ်မကဘူး တရုတ်ရော၊ အိန္ဒိယရော၊ အာဆီယံနီးနား နိုင်ငံတွေကိုရော တိုက်တွန်းနေတာကြာပါပြီ။ အခုလို အကောင်အထည်ပေါ်လာတာကောင်းတယ်လို့ ကျနော်ယူဆပါတယ်"*

ဒီလိုကြေငြာချက်ထွက်မလာမီ ရက်ပိုင်းအတွင်းကဘဲ ကုလသမဂ္ဂအပါအဝင်၊ အမေရိကန်၊ဥရောပသမဂ္ဂတို့ကလည်း မြန်မာနိုင်ငံမှာ စစ်မှန်တဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးတွေ ဖြစ်ပေါ်လာနိုင်စေဖို့အတွက် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် နိုဘယ်လ် ငြိမ်းချမ်းရေးဆုရှင်ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးထိန်းသိမ်းထားတဲ့ထောင်နဲ့ချီနိုင်ငံရေးအကျဉ်းသားတွေအားလုံး ပြန်လွှတ်ပေးဖို့ကို တချိန်တည်းတောင်းဆိုခဲ့ကြပါတယ်။

VOA 26/10/2008



Image: google search

## အရပ်သားအစိုးရပေါ်လာဖို့ နအဖ ပြင်မထား

"အရပ်သားအစိုးရဖြစ်လာဖို့ဆိုတာကြာဦးမယ်။
အဲဒီအတွက်ပြင်ဆင်မထားဘူး။ သူတို့ဟာ စစ်တိုက်ဖို့အတွက်ဘဲ
ပြင်ဆင်ထားတယ်။ အရပ်သားအစိုးရပေါ်လာဖို့ ပြင်ဆင်မထားဘူး။"

**သောမတ်စ် အိုဟေးကွင်တားနား**

(ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးစုံစမ်းရေးသမား)

ညွန့်ပေါင်းသတင်းလွှာ အမှတ် ၄၈ နိုဝင်ဘာ ၂၀၀၈

# ခြိမ်းခြောက် ကျောသပ် အပစ်ရပ်နဲ့ နအဖ

နအဖထိပ်တန်းအာဏာပိုင်တွေ အပစ်ရပ်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ လက်နက်ဖျက်သိမ်းရေးကိစ္စတွေ့ဆုံခဲ့တဲ့ သတင်းတွေဟာလွန်ခဲ့တဲ့၁ လ ၂ လအတွင်းထွက်ပေါ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့အပတ်ကစရဖည့္လွန်ချုပ်ဟာ အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်တွေနဲ့ ထပ်မံတွေ့ဆုံသွားခဲ့ပါတယ်။

၂၀၁၀ မှာပြုလုပ်ဖို့ပြင်ဆင်ထားတဲ့ ရွေးကောက်ပွဲမတိုင်မီ အပစ်ရပ်အဖွဲ့တွေရဲ့ကိစ္စကို ကိုင်တွယ်ဖြေရှင်းနေပုံရပါတယ်။ ဗိုလ်ချုပ်ရဲမြင့်ခရီးစဉ်မှာ အပစ်ရပ်ခေါင်းဆောင်တွေကိုဘာပြောခဲ့သလဲ။ တရုတ်နယ်စပ်က စစ်ရေးအကဲခတ်ဦးအောင်ကျော်ဇောက အခုလိုသုံးသပ်ပါတယ်။




Image: google search

KIA တပ်သားတစ်ချို့

*"မူလကတော့ ဝန်ကြီးချုပ်လာမယ်ပြောပြီးတော့ ရောက်မလာဘဲနဲ့ ဗိုလ်ရဲမြင့်ရောက်လာတယ်။ အောက်တိုဘာ ၁၅ ရက်နေ့က သက်ဆိုင်ရာတိုင်းမှူးတွေဟာ* ***KIA*** *ဌာနချုပ်နဲ့* ***NDA-K*** *ဌာနချုပ်တွေကို အကြောင်းကြားတယ်။ ဗမာစစ်အုပ်စုက ထုံးစံအတိုင်းဘဲ တဖွဲ့ချင်းစီဘဲ တွေ့ပါတယ်။ တနေရာထဲမှာတောင် တဖွဲ့စီ ခွဲတွေ့ခဲ့တယ်။* ***Divide and rule*** *အခြေခံလုပ်နည်းကိုင်နည်းပါ။* ***KIA*** *နဲ့တွေ့တော့ ကချင်ခေါင်းဆောင်တွေက ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဘာသဘောထားမှမရှိသေးဘူးလို့ ပြောပါတယ်။ ဗိုလ်ရဲမြင့်ကတော့ သူလာရတဲ့ရည်ရွယ်ချက်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စေလွှတ်လိုက်တဲ့အတွက်လာရတာတဲ့။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သူတို့ကိုမေးမြန်းခိုင်းလိုက်တယ်တဲ့"*

ဗိုလ်ချုပ်ရဲမြင့်ရဲ့ ယခုခရီးစဉ်မတိုင်မီ အောက်တိုဘာလဆန်းပိုင်းတုန်းကလဲ တိုင်းချုပ် ဗိုလ်ချုပ်မင်းအောင်လှိုင်ကလဲ ရှမ်းပြည်အရှေ့ပိုင်းက အပစ်ရပ်အဖွဲ့အရာရှိတွေကိုခေါ်တွေ့ပြီးတော့ တိုင်းရင်းသားလက်နက်ကိုင်တပ်တွေကို နိုင်ငံတော်ကာကွယ်ရေးဦးစီးချုပ်အောက်မှာ ပြင်ဆင်ဖွဲ့စည်းထားရှိဖို့ နအဖဘက်က ဆန္ဒရှိတာကိုထုတ်ဖော် အသိပေးပြီးတော့ တိုင်းရင်းသားအဖွဲ့တွေရဲ့သဘောထား တီးခေါက်ကြည့်ခဲ့ပါတယ်။ ယခုဗိုလ်ချုပ်ရဲမြင့်ရဲ့ခရီးစဉ်ကလဲ ဗိုလ်ချုပ်မင်းအောင်လှိုင် ခရီးစဉ်ရည်ရွယ်ချက်အတိုင်းဘဲလို့ ဦးအောင်ကျော်ဇောက ပြောပါတယ်။

*"မင်းအောင်လှိုင်က အချိန်အတိအကျမပြောဘဲနဲ့ လူကြီးတွေရဲ့စဉ်းစားချက်က တပ်တွေကို နိုင်ငံတော်ကာကွယ်ရေးဦးစီးချုပ်လက်အောက်မှာ ပြန်လည်ပြင်ဆင်ဖွဲ့စည်းသွားမယ်။ ပြင်ဆင်ဖွဲ့စည်းတဲ့ အခါမှာနိုင်ငံတော်ကာကွယ်ရေး ဦးစီးချုပ်အောက်က တပ်တွေဖြစ်တဲ့ အလျောက်တပ်စုမှူး၊ ခွဲမှူး၊ ရင်းမှူးစတာတွေရဲ့ သင့်တင့်လျောက်ပတ်တဲ့ အရည်အချင်းပြည့်မှီအောင် နအဖတပ်က အရာရှိတွေဆွဲထုတ်ပြီးတော့ ထည့်သွင်းဦးဆောင်ပြင်ဆင်သွားမယ်လို့ ပြောခဲ့ပါတယ်"*

*"တိုင်းရင်းသားတွေဘက်ကတော့ သူ့ကိုတိုက်ရိုက်မတုန့်ပြန်နိုင်သေးဘူး၊ သူတို့စိတ်ရင်းထဲက အတိုင်းထုတ်ပြောဘို့အတွက် မပြောသေးဘူး၊ အောက်ခြေက တပ်မဟာတပ်ရင်းတွေနဲ့ ဗဟိုအဆင့်တို့ ညှိနှိုင်းတဲ့အခါကျတော့ ပြင်းပြင်းထန်ထန်တုန့်ပြန်မှု ဖြစ်လာတယ်၊ အားလုံးက အဲ့ဒါကိုမကြိုက်ကြဘူး၊ ဒီသတင်းကိုလဲ ဗမာအစိုးရဘက်က ပြန်ရတယ်။အဲဒီလိုအခြေအနေအောက်မှာ နအဖကဗိုလ်ရဲမြင့်ကို ထပ်လွှတ်ပြီးတော့ပြန်အချိုသပ်လာတာပေ့ါ။ အဲဒါသူတို့ရဲ့လုပ်ထုံးလုပ်နည်းထဲမှာအမြဲပါပါတယ်။ သူတို့အဲလိုမကြာခဏလုပ်ကြတာများတယ်။ တခါတလေ ခြိမ်းခြောက်လိုက်၊ တခါတလေပြန်ပြီးချော့လိုက်၊ အဲဒီလုပ်ဟန်ရဲ့ ဖော်ပြချက်တခုပဲလို့ကျနော်တို့ယူဆပါတယ်"*

တရုတ်နယ်စပ်က စစ်ရေးအကဲခတ်ဦးအောင်ကျော်ဇောက ပြောပြတယ်။❑

BBC (၂၉/၁၀/၂၀၀၈)



# ဒီကေဘီအေဦးစီးမည့် ကရင်နှစ်သစ်ကူးပွဲ စစ်အုပ်စုပိတ်

ကရင်ပြည်နယ်ဘားအံမြို့ရှိ ဇွဲကပင်တောင်ခြေအရှေ့ဘက် ခလောက်နို့ရွာတွင် တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော်ဒီကေဘီအေမှ ကမကထပြုကျင်းပမည့်ကရင်မျိုးနွယ် စုအားလုံးနှင့် နိုင်ငံတကာရောက်ကရင်များ လူမှုရေး၊ နိုင်ငံရေးအဖွဲ့ အစည်းများပါဝင်နိုင်မည့် နှစ်သစ်ကူးပွဲတော်ကျင်းပခွင့်ကို စစ်အုပ်စုက ပိတ်ပင်လိုက်သည်ဟု အောက်တိုဘာလဆန်းက ခေတ်ပြိုင်သတင်းစဉ် တွင်ဖော်ပြထားသည်။

ပွဲတော်ကျင်းပရေးကော်မတီဝင်တဦးက ပွဲကျင်းပခွင့်ကို အာဏာပိုင်တို့ထံမှ ရထားပြီးသားဖြစ်ကြောင်း၊ မြန်မာပြည်အနှံ့မှ ကရင် တိုင်းရင်းသားမျိုးနွယ်စုတို့အပြင်နိုင်ငံတကာရောက်ကရင်များအပါအဝင် ကရင်အမျိုးသားအစည်းအရုံး အေကနယူကိုလည်းဖိတ်ဖို့စီစဉ်ထား သည်ဟုဆို၏။ သို့သော် လလယ်ရောက်မှအကြောင်းမရှိပဲ ပွဲကျင်းပခွင့် ပိတ်လိုက်ကြောင်း၊ နိုင်ငံရေးအဖွဲ့အစည်းတို့ကိုပါ ဖိတ်မည်ဟုဆိုသဖြင့် ကရင်တို့ရင်းနှီးစည်းလုံးသွားမှာကို မလိုလား၍ ပိတ်ပင်ခြင်း ဖြစ် နိုင်သည် ဟုပြော၏။

အမည်မဖော်လိုသူ ဒီကေဘီအေအရာရှိတဦးကလည်း ဇွဲကပင်တောင်ခြေ၌ ကျင်းပမည့်ပွဲကို အာဏာပိုင်တို့ ကျင်းပခွင့်ပိတ်ပင် သော်လည်း မိမိတို့အနေနှင့်ဖြစ်အောင်လုပ်မည်ဖြစ်ကြောင်း၊ဖိတ်ဖို့ လျာထားသူအားလုံး ကိုလည်း ဖိတ်မည်ဖြစ်ကြောင်း သို့သော်ပွဲ ကျင်းပမည့် နေရာကိုလည်း ဒီအေဘီအေ ၉၉၉ တပ်မဟာ ဌာနချုပ် လှိုင်းဘွဲ့က ကွမ်ဘီရွာသို့ သွားရောက်ကျင်းပ မည်ဖြစ်ကြောင်း ပြောပါသည်။

ဝင်းနှင့်ပတ်သက်၍ကရင်အမျိုးသားအစည်း အရုံးကေအန်ယူ အဖွဲ့၏ ဒုဥက္ကဌ ပဒိုဒေးဗစ်တာကပေါ်က *"နအဖဟာ ဒီကေဘီအေကို တပည့်ပီပီ လက်အောက်ခံအဖြစ်ပဲနေစေချင်တယ်။ နအဖက ဖက်ဆစ် ဆိုတော့ဖက်ဆစ်ဝါဒအတိုင်းလူတွေနဲ့ လူတွေရဲ့အတွေးအခေါ်ကို ထိန်း ချုပ်မယ်။ ဒီကေဘီအေက တမူဆန်းပြီး ဟိုလူဖိတ်မယ်၊ ဒီလူဖိတ်မယ် ကြီးကြီးကျယ်ကျယ်တွေလုပ်တော့ သိကြတဲ့အတိုင်းပဲ နအဖဆိုတာ ကရင်တွေကိုမျိုးဖြုတ်ဖို့ပဲရှိတယ်။ ဒီပွဲကို ဒီကေဘီအေနဲ့ နအဖလိုလား သူတစုကနေကျင်းပမှာဖြစ်တယ်။ သူတို့ရည်ရွယ်ချက်က နအဖကို လူထု ထောက်ခံမှုပိုရအောင်လုပ်ပေးတာပဲဖြစ်တယ်"* ဟု ပြောသည် ဟုဆို၏။




၂၀၀၇ ဖို့ဒ်ဝိန်း၌ ကျင်းပသောကရင်နှစ်သစ်ကူးပွဲတော် ဓါတ်ပုံ– NMG

NEJ 3/10/2008
VOB # 683

## စီစဉ်တကျလုပ်ကြံပြီး ဖွဲ့စည်းပုံမှာတမင်တကာထည့်သွင်းပြဌာန်းထားတဲ့ စစ်အစိုးရရဲ့ မင်္ဂလာနဲ့ အမင်္ဂလာအသုံးအနှုန်း

"ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို ရေးဆွဲ ကြတဲ့အခါ ယေဘုယျလက်ခံကျင့်သုံးကြတဲ့ စံထားချက်တွေရှိပါတယ်။ အဲဒီအထဲက တရပ်ကတော့ ဖွဲ့စည်းပုံမှာပြဌာန်းပါရှိတဲ့ စကားလုံးတွေ ဟာ တတ်နိုင်သမျှမင်္ဂလာရှိဖို့နဲ့ အမင်္ဂလာ အသုံးအနှုန်းတွေကို မသုံးစွဲ မိအောင်သတိထားဖို့ပါ။ ဒါဖြင့်ရင် နအဖဟာ မင်္ဂလာရှိတဲ့အခြေခံ၊ အပြု သဘောရှုဒေါင့်ကနေ ပြည်ထောင်စုတည်ဆောက်ရေး၊ တိုင်းရင်းသား စည်း လုံးညီညွတ်မှုတည်ဆောက်ရေးရယ်လို့ ဘာကြောင့်မသုံးနှုန်းတာ လဲ။ အမင်္ဂလာအခြေခံ၊ အပျက်သဘောရှုဒေါင့်ကနေ ပြည်ထောင်စုမပြို ကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးရယ်လို့ ဘာကြောင့် သုံးနှုန်းထားတာလဲ။ စီစဉ်တကျလုပ်ကြံပြီး တမင်တကာထည့်သွင်းပြ ဌာန်းထားတာဖြစ်ပါတယ်။"

**ဦးအောင်ထူး** (မြန်မာနိုင်ငံရှေ့နေများကောင်စီ အတွင်းရေးမှူး)
ညွန့်ပေါင်းသတင်းလွှာ အမှတ် ၄၈ နိုဝင်ဘာ ၂၀၀၈

# အေဘီအက်စ်ဒီအက်ဖ် နှစ် ၂၀ ပြည့်

## အခမ်းအနားကျင်းပ

ကျောင်းသားတပ်မတော် အေဘီအက်စ်ဒီအက်ဖ် ဖွဲ့စည်းတည်ထောင်ခြင်း နှစ် ၂၀ ပြည့်အခမ်းအနားကို ထိုင်း–မြန်မာနယ်စပ် တနေရာမှာ အောက်တိုဘာ ၂၇ ရက် ညနေပိုင်းက ကျင်းပခဲ့တယ်လို့ တပ်ဦးဥက္ကဌ ကိုသံခဲက ပြောပါတယ်။

၈ လေးလုံးအရေးတော်ပုံအပြီးမှာ နယ်စပ်ဒေသကို ရောက်ရှိလာတဲ့ထောင်သောင်းချီတဲ့ကျောင်းသားတွေနဲ့ ဒီတပ်မတော်ကိုဖွဲ့စည်းခဲ့တာဖြစ်ပြီး ပထမအကြိမ် ညီလာခံကျင်းပပြီးစီးခဲ့တဲ့ နိုဝင်ဘာ ၁ ရက်နေ့ကိုတပ်ဦးရဲ့မွေးနေ့အဖြစ် သတ်မှတ်ထားတာလို့ ကိုသံခဲကပြောပါတယ်။

ကေအဲန်ယူရဲ့ကော့မူးရာစခန်းမှာ အဲဒီညီလာခံကိုကျင်းပခဲ့တာဖြစ်ပြီး အဲဒီနောက်မှာတော့တပ်ရင်းပေါင်း ၂၀ နီးပါးကိုဖွဲ့စည်းကာ ကေအဲန်ယူ၊ ကေအဲန်ပီပီ၊ ပအိုဝ်း၊ ကချင်နဲ့ အိန္ဒိယ နယ်စပ်တလျှောက်မှာ လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့ပါတယ်။

နှစ် ၂၀ သက်တမ်း ကာလအတွင်း ကျဆုံးရဲဘော် ၃၅၃ ဦး ၊ သေဆုံးရဲဘော် ၂၆၆ ဦးနဲ့ထိခိုက်ဒဏ်ရာရ ဦးရေ ၃၉၄ ဦးရှိတယ်လို့ တပ်ဦးရဲ့ နှစ် ၂၀ ပြည့်ကြေငြာချက် မှာဖော်ပြထားပါတယ်။

**တပ်ဦးရဲ့မူဝါဒတွေကတော့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး**ဖြစ်တယ်လို့လည်း တပ်ဦးရဲ့ကြေငြာချက်မှာ ကြွေးကြော်ထားပါတယ်။

မူလဖွဲ့စည်းစဉ်က အင်အားသောင်းနဲ့ချီရှိခဲ့တဲ့ ကျောင်းသားတပ်မတော်ဟာ အခုထောင်ဂဏန်းနီးပါးသာကျန်တော့ပေမဲ့ လက်နက်ကိုင်တိုက်ပွဲကို ဆက်လက်ဆင်နွှဲသွားမယ်။ လက်နက်ကိုင်တိုက်ပွဲဟာ ဒီနေ့သမိုင်းရဲ့လိုအပ်ချက်ဖြစ်တယ်လို့ ဥက္ကဌသံခဲက ပြောပါတယ်။❑

DVB, 28 /10/2008
VOB# 683

# ဇိုမီးအမျိုးသားကွန်ကရက်အနှစ် ၂၀ မြောက်ကြေငြာချက်

ဇိုမီးအမျိုးသားကွန်ကရက်(ZNC)ထူထောင်ခဲ့တာ အနှစ် ၂၀ ပြည့်မြောက်ခဲ့ပါပြီ။ ZNC က ပါတီမွေးနေ့ ၂၄၊၁၀၊၂၀၀၈ ကြေငြာချက် တစောင်ထုတ်ပြန်ရာမှာ မြန်မာနိုင်ငံဟာ အနှစ်၂၀ လုံးလုံး ဆင်းရဲမွဲတေမှုတွေ၊ အကြပ်အတည်းတွေ၊ လူမှုရေးဒုက္ခတွေ၊ နိုင်ငံရေး မပြေလည်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့အကြောင်း၊ စစ်အစိုးရဟာ နားဂစ်မုန်တိုင်းဒဏ်အကြီးအကျယ်ခံရတဲ့ အချိန်မှာတောင် ပြည်သူတွေကို မငဲ့ကွက်ဘဲ အခြေခံဥပဒေ မူကြမ်းဆန္ဒခံယူပွဲကို ကျင်းပခဲ့တဲ့အကြောင်း၊ ဒါကြောင့် စစ်အစိုးရအတည်ပြုထားတဲ့ အခြေပြုထားတဲ့ အခြေခံဥပဒေဟာ တဖက်သတ်ရေးဆွဲထားတဲ့ ဥပဒေဖြစ်ကြောင်း၊ အဲဒီအခြေခံ ဥပဒေကို မိမိတို့ ZNC ပါတီအနေနဲ့လက်မခံနိုင်ကြောင်း၊ ဒီအခြေခံဥပဒေအောက်မှာကျင်းပမဲ့ ၂၀၁၀ ရွေးကောက်ပွဲကိုလည်းလက်ခံမှာ မဟုတ်တဲ့ အကြောင်းဖော်ပြထားပါတယ်။

တဖက်တည်းမှာဘဲ မြန်မာနိုင်ငံမှာရင်ဆိုင်နေရတဲ့ အခြေအနေတွေတိုးတက်ကောင်းမွန်လာအောင် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီဖော်ဆောင်ဖို့အတွက် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိပြန်လွှတ်ပေးဖို့၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးလုပ်ဆောင်ဖို့နဲ့ တရားမျှတပြီးတန်းတူညီမျှတဲ့ အခြေခံဥပဒေပြန်လည်ရေးဆွဲဖို့ စစ်အစိုးရကို တိုက်တွန်းထားပါတယ်။

ZNC ဟာ ၁၉၉၀ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ် ၁ နေရာအနိုင်ရရှိခဲ့ပါတယ်၊ အဲဒီထဲ CRPP ခေါ် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီမှာလဲ ပါဝင်ပြီးတော့ တိုင်းရင်းသား (၁၂) ပါတီပူးပေါင်းထားတဲ့ UNA ခေါ် ပြည်ထောင်စုတိုင်းရင်းသားများ မဟာမိတ်တပ်ပေါင်းစုမှာလဲ အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပါတယ်။

RFA (25/10/2008)

စစ်ရေး

# ထိုင်းနယ်စပ်သို့စစ်အစိုးရလက်နက်ပစ္စည်းဖြည့်– လက်နက်ကြီးတပ်ဆင်ဖို့ နှင့် ဆက်စပ်မှုရှိနိုင်ဟု SSA ဥက္ကဌသုံးသပ်

စစ်လက်နက်ပစ္စည်းအပြည့်တင်ဆောင်သော စစ်အစိုးရ၏ တရုတ်ဖြစ်တုန်းဖုန်းစစ်ယာဉ်တန်းများ သျှမ်းပြည်အရှေ့ပိုင်းသို့ရောက် လာရာနယ်စပ်တလျှောက်နအဖတို့လက်နက်ကြီးတပ်ဆင်ရန်စီစဉ်နေ မှုနှင့်ဆက်စပ်မှုရှိနိုင်ကြောင်းသျှမ်းပြည်တပ်မတော်SSAဥက္ကဌဗိုလ်မှူး ကြီးယွက်စစ်က ပြောသည်။

နိုဝင်ဘာလ ၉ ရက်နေ့က နအဖစစ်အစိုးရ၏ တုန်းဖုန်းစစ် ယာဉ်တန်း ၁၅ စီး တာ့ကော့တံတားဖြတ်သန်းသွားသည်ဟု အသက် ၄၀ ကျော် မိုင်းပြင်း ဒေသခံအမျိုးသားတစ်ဦးကပြောပြသည်။

မိုင်းပြင်းအခြေစိုက် နအဖစစ်တပ်နှင့်အဝင်အထွက်ရှိသူ အဆို ပါဒေသခံက *“ခဲယမ်းမီးကျောက်နဲ့ကျည်ဆံတွေတဲ့။ ဒေသခံနအဖ/ အရာရှိငယ်တွေ ပြောတယ်။ လုံခြုံရေးအက်စ်ကော့ဒ်က အယောက် ၂၀ လောက်ဘဲရှိတယ်။ လမ်းတလျှောက် ကင်းတဲတွေ စစ်သားတွေမိုင်ဝက် ၁မိုင်အကွာ ၃–၄ ယောက် ၁ ဖွဲ့ လုံခြုံရေးပိုထူတယ်။ ဆင့်ဆိုခံရတဲ့အရပ် သားတွေလဲတွေ့ရတယ်တဲ့၊အဲဒီနေ့ကထော်လာဂျီသမားတွေပြောပြ တာ”* ဟုဆို၏။

၎င်းနှင့်ပတ်သက်၍ သျှမ်းပြည်တပ်မတော် / သျှမ်းပြည်ပြန် လည်ထူထောင်ရေး ကောင်စီ ဥက္ကဌ ဗိုလ်မှူးကြီးယွက်စစ်က *“ထိုင်းနယ် စပ်တလျှောက်တာချီလိတ်၊ဟိုမိန်း၊မိုင်းတုံမြို့နယ်တွေမှာနအဖလက်နက် ကြီးတွေလာထားမယ်လို့ကြားရတာကြာပြီ။ ၁၂၀ မမနဲ့ ၁၅၀ မမ လို့ကြားရတယ်။ တပ်ဆင်မယ့်နေရာလည်းလုပ်ထားပြီးပြီတဲ့။ အခုလာ တဲ့ ခဲယမ်းမီးကျောက်ကားတွေက လက်နက်ကြီးတပ်မယ့်ဟာနဲ့ ဆက် စပ်မှုရှိနိုင်တယ်။ နောက်တစ်ခုကသိပ်မကြာသေးခင်ကဘဲမိုင်းဆတ်လေ ယာဉ်ကွင်းမှာ စစ်လေယာဉ်ထိန်းချုပ်တဲ့ ကွန်ပြူတာစက် တပ်ဆင်ထား ပြီလို့လဲကြားရတယ်”* ဟု သျှမ်းသံတော်ဆင့်သို့ပြော၏။

၎င်းနှင့်ပါတ်သက်၍ နယ်စပ်မှထိုင်းအာဏာပိုင်တစ်ဦးက *“ ၁၂၀ မမ ဆိုရင်တော့SSA ကိုထိုးစစ်ဆင်တုန်းက သုံးတာတွေ့ရတယ်။ ၁၅၀ မမ ဆိုရင် ဒါအဝေးပစ်ဘဲ။ သူတို့ ဘယ်ကိုပစ်မလဲ။ စိတ်ဝင်စား စရာဘဲ”* ဟု ပြော၏။

သံလွင်အရှေ့ခြမ်းသို့ အဆိုပါစစ်ယာဉ်တန်းမရောက်လာမီ ၁ ရက်အလို နိုဝင်ဘာ ၈ ရက်နေ့က ခလရ ၂၇၇ နှင့် ခလရ ၂၂၅ တို့က ကျိုင်းတုံ–နားကောင်းမူး ကားလမ်းတစ်လျှောက်လုံခြုံရေးချထားသည် ကိုတွေ့ရပြီးဒေသခံလူထုအား– ‘လူကြီးလာမည်’ ဟုသာပြောထား ၏။ ထိုနောက်ပိုင်းမကြာမီ တစ်စီးလျှင်လုံခြုံရေး ၅ ယောက်စီပါသည့် စစ်ယာဉ်တန်း ၅ စီးရောက်လာပြီး ပုံပါကျင်သို့ ၂ စီး၊ မိုင်းကျွတ်သို့၂ စီး၊နားကောင်းမူးသို့၁ စီး သွားသည်ဟုဆို၏။ သို့သော် ပုံပါကျင်ဒေသခံ တစ်ဦးက *“ဆောင်းတွင်းမို့လို့ စစ်သားတွေအတွက် အနွေးထည်တွေနဲ့ ရိက္ခာတွေတင်လာတာတဲ့”* ဟု စစ်တပ်အသိုင်းအဝိုင်းမှ ကြားသိရ ကြောင်းပြောပြသည်။ ❑

## ခေတ်သစ် နိုအာ၏လှေ

ဒုဗိုလ်မှူးကြီးရဲမြင့် လားရှိုးမြို့အလည်ရောက်စဉ်က အပစ်အခတ်ရပ်စဲရေးအဖွဲ့များကို ရုပ်ထုတစ်စုံစီ လက်ဆောင်ပေးခဲ့သည်။ SSA က ကြက်၊ ကိုးကန့်က နဂါးနှင့် ဝ က ဆင် တစ်စုံစီ ရသည်ဟုဆို၏



## စီးပွါးရေး

# ကျိုင်းတုံ–တောင်ကြီး ကုန်ကားကြီးများ ကျပ်သန်းချီ အခွန်ဆောင်နေရ

ကျိုင်းတုံ–တောင်ကြီး ၁၀ ဘီးကုန်ကားကြီးများ လမ်းတလျှောက် ဘီးလိမ့်ခွန်၊ ဂိတ်ကြေး ကျပ်သန်းချီပေးဆောင်ခဲ့ရသော်လည်း နအဖအာဏာပိုင်များ ကားလမ်းပျက်စီးနေသည်ကို မပြုပြင်ပေးကြောင်း နယ်စပ်သတင်းရပ်ကွက်က ဆိုပါသည်။

*"ဆီဖိုးနဲ့ စရိတ်မပါသေးဘူး။ အားလုံးကျပ် ၁၀ သန်းလောက်ကုန်တာက မြို့အဝင်အထွက် ဂိတ်ကြေး၊ ဘီးခွန်၊ လမ်းခရီးမှာ ပြည်သူ့စစ်တို့၊ စစ်ကြောင်းတို့ ကိုပေးရတာတွေပေ့ါ"* ဟု ကျိုင်းတုံ–တောင်ကြီး ကုန်ကားပိုင်ရှင်တစ်ဦးကပြောပြသည်။

ကျိုင်းတုံကားကြီးကွင်းအထွက်၌ပင်ကျပ် ၉ သိန်း၊ တုံတာဂိတ်တွင်ကျပ် ၂ သောင်း ၈ ထောင်၊ မိုင်းပြင်းမြို့အဝင် ကျပ် ၅ သိန်း၊ တာ့ကော့တံတား ဌာနပေါင်းစုံအတွက် ကျပ် ၁ သန်း ၆ သိန်း၊ တာ့ကော့တံတား၌ ကျပ် ၃ သောင်း၊ ကွန်ဟိန်းတံတား၌ ကျပ် ၈ သိန်း၊ ခိုလမ် အုပ်စု ဖြတ်သန်းခွန် ကျပ် ၁ သိန်း ၅ ထောင်၊ နမ့်ဇန်မြို့ ဖြတ်သန်းခွန် ကျပ် ၄ သိန်း လွယ်လင်စစ်ဆေးရေးဂိတ်၌ ကျပ် ၁ သန်း ၆ သိန်း၊ စသည် ဖြင့်ပေးခဲ့ရပြီး မိုင်းပွန်မြို့ဖြတ်သန်းစဉ် စစ်တပ်နှင့် ဌာနဆိုင်ရာက ကျပ် ၇ သောင်းထပ်တောင်းသည်ဟုဆို၏။

၎င်းအပြင် တောင်ကြီးမြို့အဝင် ဂိတ်တွင်ပေးရသည့် ကျပ် ၁ သန်း ၅ သိန်းအပါအဝင် လမ်းခရီး၌ စစ်ကြောင်း၊ ကင်းတဲ၊ ပြည်သူ့စစ်အဖွဲ့တို့နှင့်တွေ့တိုင်းပေးရသည့် ပမာဏနှင့်ပေါင်းပါက ကျိုင်းတုံ တောင်ကြီး ခရီးစဉ်တစ်လျှောက် ကျပ် ၁၀ သန်း ခန့်ကုန်ကျသည်ဟု အဆိုပါကုန်ကားပိုင်ရှင်က ထပ်မံရှင်းပြသည်။

ကားဒရိုင်ဘာတစ်ဦးကလည်း *"ကညနကတော့ ကားတစ်စီး ပိဿာ ၂ သောင်းထက်ပိုမတင်ရဘူးလို့ သတ်မှတ်ထားတယ်။ ဒါပေမဲ့ အဲလောက်အခွန်ကောက်နေတော့ အနည်းဆုံးပိဿာချိန် ၃ သောင်းလောက်မတင်ရင် ကုန်ပိုင်ရှင်တွေအတွက်က မကိုက်ဘူး။ ကုန်တင်ကားက မနည်းဘူးလေ။ အစီးတိုင်း အဲလောက်အလေးချိန်တင်တော့ လမ်းပျက်တယ်။ အာဏာပိုင်တွေ အဆမတန်အခွန်ကောက်စားပြီး ကားလမ်းကျတော့ မပြင်ဘူး"* ဟုဆို၏။

ထို့အပြင် တာ့ကော့ – ကွန်ဟိန်းကြား ချက်ပွိုင့်တွင် ကုန်တင်ကားအားလုံး တစ်စီးလျှင် တစ်နှစ်စာအခွန်ငွေ ကျပ် ၃ သောင်းထပ်မံသွင်းရသေးသည်ဟုဆို၏။ ကျိုင်းတုံ–တောင်ကြီးကားလမ်းမှာ ၂၈၀ မိုင် (၄၄၉ ကီလိုမီတာ) ရှည်လျား၏။ ❑

## အတွေ့တွေ

# နအဖ တပ်ပြေးအား လက်ခံထမင်းကျွေးသည့် သားအဖ လုပ်ကြံဖိုးခွဲခံရ

တပ်ပြေးတယောက်အား လက်ခံထမင်းကျွေးသည့် သျှမ်းပြည် အရှေ့ပိုင်း ကျိုင်းတုံမြို့ကတ်ထိုက်အုပ်စု နောင်ဆာရွာ ဒေသခံ သားအဖ အဆိုပါတပ်ပြေးဖောက်ခွဲသော လက်ပစ်ဗုံးကြောင့် သေဆုံးခဲ့ရသည်ဟု နယ်စပ်သတင်းရပ်ကွက်က ဆိုပါသည်။

ဗုံးကွဲပြီးနောက်ပိုင်း နအဖပုလိပ်တို့ လာရောက်စစ်ဆေးမှ ကျိုင်းတုံအမြောက်တပ်မှ တပ်ပြေးဖြစ်ကြောင်းသိရသည်ဟု ဆို၏။

*"စက်တင်ဘာလ ၂ ရက် နံနက် ၈ နာရီအချိန်က ဖြစ်တာ။ အဲဒီတပ်ပြေး လုံးနွဲ့ အိမ်မှာ ထမင်းသွားတောင်းစားတော့ သူ့ကိုသနားတာနဲ့ လုံးနွဲ့ကသူ့သမီးကို ထမင်းဟင်းပြင်ကျွေးခိုင်းတယ်။ ထမင်းစားပြီး အဲဒီစစ်သား ဆေးလိပ်ထိုင်သောက်နေတာ တအောင့်လောက်ကြာတော့ သူ့ခါးမှာချိတ်ဆွဲထားတဲ့ လက်ပစ်ဗုံးကို အဲဒီနေရာမှာတင် ခွဲလိုက် တာ စစ်သားရော လုံးနွဲ့နဲ့သူ့သမီးပါ ၃ လောင်းပြိုင်ပွဲချင်းပြီးဘဲ"*–ဟု အသက်မသေဘဲ ဒဏ်ရာအပြင်းအထန်နှင့် ဆေးရုံရောက်သွားသည့် လုံးနွဲ့၏ အသက် ၁၁ နှစ်အရွယ်မြေးမလေးက ပြန်လည်ပြောပြကြောင်း နောင်ဆာရွာ ဒေသခံတစ်ဦးကပြော၏။

လက်ပစ်ဗုံးကြောင့်သေဆုံးသူ ဦးလုံးနွဲ့မှာ အသက် ၆၂ နှစ်ရှိပြီး ၎င်း၏သမီးမှာ အသက် ၃၃ နှစ်ခန့်ရှိသည်ဟုဆိုပါသည်။ ဗုံးပေါက်သည်ဟုသိသိချင်း သျှမ်းသူပုန်များ၏လက်ချက်ဟု နအဖဝန်ထမ်းများ ကျိုင်းတုံရဲစခန်းအား လိမ်လည်အကြောင်းကြားသဖြင့် ကား ၅ စီးဖြင့် လာရောက်စစ်ဆေးကြသည်ဟုဆို၏။

*"တပ်ပြေးရဲ့လက်ချက်လို့ သူတို့သိသိချင်း အဲဒီတပ်ပြေးဟာ ကျပ်မပြည့်တဲ့လူဘဲ ဆိုပြီးဘာမှမလုပ်ပေးဘူး။ အလောင်း ၃ လောင်း ကိစ္စလဲရွာသူကြီးကို တာဝန်ယူခိုင်းလိုက်တယ်"* ဟု အဆိုပါနောင်ဆာရွာ ဒေသခံကပြောပြသည်။

စင်စစ်ထိုတပ်ပြေးမှာ နအဖပုလိပ်တို့ပြောသည့်အတိုင်း ကျပ်မပြည့်မဟုတ်ကြောင်း၊ ၎င်းသည် နောင်ဆာရွာသို့ ကျောက်ခဲများလာသယ်လေ့ရှိသဖြင့် ၎င်းအားရွာသားများကသိနေကြကြောင်း၊ ဦးလုံးနွဲ့၏သမီး ကလေးအမေအား ခိုးကြိုက်နေကြောင်း၊ လုံးနွဲ့က သဘောမတူသဖြင့် ဤကဲ့သို့တမင်သက်သက် ဗုံးခွဲလုပ်ကြံခြင်းဖြစ်နိုင်ကြောင်း ရွာသားများက ပြောနေကြသည်။ ❑

**ကျန်းမာရေး**

# ကျိုင်းတုံ၌သွေးလွန်တုပ်ကွေးကြောင့်သေဆုံးသူများပြား ကျန်းမာရေးဝန်ထမ်းများ ဂရုမစိုက်

ယခုနှစ်အတွင်း သျှမ်းပြည်အရှေ့ပိုင်းကျိုင်းတုံမြို့တွင်းရောကျေးလက်ပါသွေးလွန်တုပ်ကွေးရောဂါဖြစ်ပွါးသူယခင်ကထက်များပြားလာသော်လည်းနအဖစစ်အစိုးရကျန်းမာရေးဝန်ထမ်းများထိထိရောက်ရောက်ကုသပေးခြင်းမရှိကြောင်းနယ်စပ်သတင်းရပ်ကွက်ကဆိုပါသည်။

စက်တင်ဘာလကစပြီး ယခုချိန်အထိ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ အယောက် ၁၀၀ ခန့်ရှိခဲ့ပြီဖြစ်ကြောင်း တာချီလိတ်ရောက် ကျိုင်းတုံဒေသခံ အသက် ၂၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးကပြောပြသည်။

*"အယောက် ၁၀၀ သေတယ်ဆိုတာဆေးရုံစာရင်းအရဘဲ။ ကျမ သိရသလောက် ဆေးရုံမရောက်ဘဲ သွေးလွန်တုပ်ကွေးကြောင့်သေတဲ့သူ ၂၀ ရှိပြီ။ သေတဲ့အထဲမှာ ကလေးငယ်တွေများတယ်။ ကျန်းမာရေး ဝန်ထမ်းတွေသိပေမဲ့ ကာကွယ်ပေးဖို့တက်ကြွလှုပ်ရှားမှုမရှိဘူး"* ဟု ၎င်း ကပြောပြ၏။

သို့သော် လွန်ခဲ့သည့်အပတ်က ကျေးရွာအုပ်စုအချို့သို့ ကျန်းမာရေးဝန်ထမ်းများရောက်လာပြီး သွေးလွန်တုပ်ကွေး ကာကွယ်ဆေး ထိုးပေးမည်ဟုဆိုသဖြင့် ရွာသားများသွားရောက်ဆေးထိုးခဲ့ကြကြောင်း၊ ဆေးထိုးခတစ်ယောက် ကျပ် ၅,၀၀၀ ပေးခဲ့ရကြောင်း အဆိုပါအမျိုးသမီးက ဆက်ပြောပြသည်။ ❑

# တြိဂံတိုင်းမှူးသစ်အခွန်ကောက်လာဘ်စား– လောင်းကစားဖွင့် / ဗျောက်အိုးဖောက်ခွင့်ပြု

ယခုနှစ်သီတင်းကျွတ်ကာလက သျှမ်းပြည်အရှေ့ပိုင်းကျိုင်းတုံတွင် ကန်ထရိုက်ဆွဲသူများထံအခွန်ကောက်၍ တြိဂံတိုင်းမှူးက လောင်းကစားဝိုင်းများဖွင့်ခွင့်ပြုခဲ့ကြောင်း၊ ကုန်သည်များ၏ ပေးကျွေးလာဘ်ထိုးမှုကြောင့် ဗျောက်အိုးဖောက်ခွင့်ပေးကြောင်း ကျိုင်းတုံသတင်းရပ်ကွက်က ဆိုပါသည်။

ကျိုင်းတုံအနောက်ဘက် မိုင်ဝက်ခန့်အကွာ ဝမ့်နောင်ကဲန့်ရွာမှ လောင်းကစားဝိုင်း ၁၅ ဝိုင်းကို ဝမ့်နမ့်ခက်ရွာနေ ဆရာသိန်းအောင်မစန်းစန်းမြင့်တို့လင်မယားက ကန်ထရိုက်ဆွဲထားသည်ဟု ကျိုင်းတုံဒေသခံ မြို့တွင်းဆိုင်ကယ်ကယ်ရီပြေးဆွဲနေသူ အသက် ၂၅ နှစ်ရှိ အမျိုးသားတစ်ဦးကပြောပြသည်။

*"ဖဲဝိုင်း၊ လေးကောင်ဂျင်၊ ကုန်းကင်း၊ ၃၆ ကောင် အစုံရှိတယ်။ ကုန်းကင်းဝိုင်း တစ်ဝိုင်း တစ်ည ကျပ် ၂ သောင်း ဆရာသိန်းမောင်တို့ကို အခွန်ဆောင်ရတယ်။ ဆရာသိန်းမောင်တို့လင်မယားက လောင်းကစားဝိုင်း အားလုံးအတွက်ရဲစခန်းကို ကျပ် ၅ သောင်း၊ မယကရုံးကို ကျပ် ၁ သိန်း ဆက်ကြေးပေးရတယ်။ ဗျူဟာနဲ့တိုင်းရုံးကိုတော့ဘယ်လောက်ပေးရလဲမသိဘူး။ နောက်ပြီး လောင်းကစားဝိုင်း လုံခြုံရေးပုလိပ်ကိုလဲပေးရသေးတယ်။ တစ်ယောက်ကို ၁ ညကျပ် ၂,၀၀၀၊ ဒု–ဗိုလ်အဆင့်နဲ့အထက်ဆိုရင် ကျပ် ၃,၀၀၀ ပေးရတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ အောက်တိုဘာ ၈ ရက်ကနေ ၂၀ ရက်အထိ လောင်းကစားဝိုင်းဖွင့်ခွင့်ရတာ"* ဟု ၎င်းကဆိုပါသည်။

ကျိုင်းတုံမြို့မြောက်ဘက် ကတ်တောင်အုပ်စုတွင်မူ ဝမ့်ကိန်းအင်းရွာသား စိုင်းတစ်နန် က ကတ်တောင်ရဲစခန်းမှ စခန်းမှူးနာမည်ဖြင့် လိုင်စင်ရ ကစားဝိုင်းဖွင့်ပြီး ကျိုင်းတုံမြို့တောင်ဘက် ၁၃ မိုင်ခန့်အကွာ ကျိုင်းတုံ–တာချီလိတ်ကားလမ်းပေါ် ရှိမိုင်းဖိမ်းအုပ်စု ဝမ့်ပုံရွာတွင်ဝမ့်နမ့်ခက်ရွာသား စိုင်းသိန်းက ကန်ထရိုက်ဆွဲလောင်းကစားဝိုင်းဖွင့်ထားသည်ဟုဆို၏။ အဆိုပါလောင်းကစားဝိုင်း ကန်ထရိုက်ဆွဲသူများအားလုံးသက်ဆိုင်ရာနအဖအာဏာပိုင်များထံ အခွန်ဆောင်ပေးကျွေးသဖြင့် လောင်းကစားဝိုင်းဖွင့်နိုင်ကြခြင်းဖြစ်သည်။

ယခင်နှစ်များနှင့်မတူဘဲ တြိဂံတိုင်းမှူး၏ ထူးခြားသောခွင့်ပြုချက်တစ်ခုမှာ ကျိုင်းတုံသီတင်းကျွတ်ကာလ ဗျောက်အိုးဖောက်ခွင့်ပေးခြင်းဖြစ်သည်ဟု ကျိုင်းတုံဈေးမှ ဈေးသည်တစ်ဦးကပြောပြသည်။

*"အရင်နှစ် တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်ခေတ်တုန်းက တအားတင်းကျပ်တာ။ ဒီနှစ်သီတင်းကျွတ်တော့ဗျောက်အိုးဖောက်သံဆူညံနေတာဘဲ။ တရုပ်ကလာတဲ့ဗျောက်အိုးတွေလေ။ ဗျောက်အိုး ကုန်သည်တွေက တိုင်းမှူးသစ်ကျော်ဖြိုးကို ကျပ် ၈ သန်း အခွန်ဆောင်ထားလို့ အတားအဆီးမရှိတာတဲ့"* ဟုဆို၏။

ဈေးဆိုင်၊ အိမ်ဆိုင်များတွင်လည်း ရဲစခန်းသို့ကျပ် ၅,၀၀၀ ပေးသွင်းပါက လွတ်လပ်စွာ ဗျောက်အိုးရောင်းဝယ်နိုင်သည်ဟု ကြားသိ ရပါသည်။ ❑

# နမ့်ဇန်–ကျိုင်းတုံရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်း– ဒေသခံတို့ အဓမ္မလုပ်အားပေးခိုင်းခံရမည့်အရေး တွေးပူနေ

သျှမ်းပြည်တောင်ပိုင်း သံလွင်မြစ်အနောက်ဘက်ခြမ်းမှ သျှမ်းပြည်အရှေ့ပိုင်းကျိုင်းတုံအထိ မီးရထားလမ်းဖောက်လုပ်ရေးအတွက် ရပခတိုင်းမှူးနှင့်တြိဂံစစ်ဒေသတိုင်းမှူးတို့ စစ်ဆေးကြည့်ရှုခဲ့ကြစဉ်ဒေသခံတို့ အဓမ္မလုပ်အားပေးခိုင်းစေခြင်းခံရတော့မည့်အရေး တွေးပူနေကြသည်ဟု ကျိုင်းတုံသတင်းရပ်ကွက်က ဆိုပါသည်။

ယခုဖောက်လုပ်မည့်ရထားလမ်းသစ်နှင့်ပတ်သက်၍ ကျိုင်းတုံဒေသခံကုန်သည်တစ်ဦးက *"အသေချာဆုံးတစ်ခုက ကျေးလက်ဒေသခံတွေ မှာ အရင်ကလို အဓမ္မလုပ်အားပေးခိုင်းမှာဘဲ။ သံလွင်အရှေ့ခြမ်း တာ့ကော့ဆိပ် – မိုင်းပြင်းမြို့ –တုံတာ အုပ်စုကြားမှာ လမ်းကြမ်းတယ်။ တောင်ကမ်းပါးယံလျှိုမြောင်တွေ မတ်စောက်မြင့်မားတယ်။ ဆိုတော့ ဒေသခံတွေအတွက် အတော့ကို ဒုက္ခရောက်ရမယ်"* ဟု ပြောပြသည်။

အသက် ၄၀ ကျော်အဆိုပါကုန်သည်က *"ကျနော်တို့ငယ်ငယ်တုန်းကဗမာစကားပြောရင် 'သံလွင်မြစ်အရှေ့ခြမ်းကဗမာစကား သိပ်နားမလည်ဘူး' လို့ကျနော်တို့ လှောင်ပြောင်ခံရတယ်။မဝေတခေတ် နောက်ပိုင်းကျတော့ ဗမာစကားမပြောတတ်တဲ့ ကျိုင်းတုံမြို့ခံမရှိသလောက်ဖြစ်နေပြီ။ အခုကျိုင်းတုံအထိ ရထားလမ်းထပ်ဖောက်မယ်ဆိုတော့ ရထားလမ်းအနီးအနားကရွာသားတွေ အဓမ္မလုပ်အားပေးခိုင်းစေတာတွေရှိမယ်။ အညာကလူတွေ ရထားနဲ့ကပ်ပါလာကြမယ်။ သူခိုး၊ ဓါးပြ၊ သူတောင်းစားတွေပေါလာမယ်။ နောက်ပိုင်း ကျိုင်းတုံဟာလည်း ဗမာစကားအဓိကထားပြောရမယ့် တောင်ကြီးလိုဖြစ်လာမှာ မလွဲဘူး "* ဟု ဆက်ပြောသည်။

စီးပွါးရေးလုပ်ငန်းရှင်များ ကုန်သည်များအတွက်ကူးသန်းရောင်းဝယ်ရေးအဆင်ပြေမည်ဟု(တပ်တွင်းမှ)တချို့ကပြောသော်လည်း ကလော–နမ့်ဇန်ရထားလမ်းကိုကြည့်ခြင်းအားဖြင့် အသစ်ဖောက်မည့် ရထားလမ်းမှာ အားထားနိုင်ဖွယ်ရာမရှိကြောင်း၊ ကောင်းကျိုးထက် သျှမ်းပြည်လူထုဆိုးကျိုးကြုံရမည်ဖြစ်သဖြင့် အဆိုပါရထားလမ်းသစ်ကို မလိုလားကြကြောင်း အဆိုပါကုန်သည်က ရင်ဖွင့်သည်။

သျှမ်းပြည်တောင်ပိုင်း နမ့်ဇန်မြို့အရှေ့ဘက် ဖြတ်သန်းစီးဆင်းသော နမ့်တိန်းချောင်းနှင့် ကွန်ဟိန်းမြို့အနီးဖြတ်သန်း စီးဆင်းသော နမ့်ပန် ချောင်းကူးမည့် မီးရထားလမ်းတံတားဆောက်သင့်သော နေရာကြည့်ရှုရန် အောက်တိုဘာ ၂၆ ရက်က သွားသောရပခတိုင်းမှူးဗိုလ်မှူးချုပ်ရာပြည့် တာ့ကော့ သံလွင်မြစ်ကူးတံတား၌ တြိဂံစစ်တိုင်းမှူး ဗိုလ်ချုပ် ကျော်ဖြိုးနှင့်တွေ့ဆုံခဲ့ပြီး နှစ်ဦးစလုံး ကျိုင်းတုံသို့ ခရီးဆက်ခဲ့ကြသည်ဟု ကျိုင်းတုံဒေသခံတစ်ဦးကပြောပြ၏။



နောင်ချို – ကျောက်မဲကြား နာမည်ကြီးဂုတ်ထိပ်တံတား

*"ရပခတိုင်းမှူးနဲ့အတူ မီးရထားဝန်ကြီး ဗိုလ်ချုပ်မင်းအောင်၊ ဒုဝန်ကြီး ဦးဖေသန်းနဲ့ လမ်းအင်ဂျင်နီယာတချို့ပါတယ်။ သံလွင်မြစ်ကူး ရထားလမ်း တံတားဆောက်တဲ့နေရာကြည့်ဖို့ တာ့ကော့မှာ တြိဂံတိုင်းမှူးနဲ့ အောက်တိုဘာ ၂၇ ရက်မှာတွေ့တယ်တဲ့။ ရထားလမ်းသစ်ကို နမ့်ဇန်ကနေ ကျိုင်းတုံအထိဖောက်မှာ"* ဟုဆို၏။

သျှမ်းပြည်နိုင်ငံရေးစောင့်ကြည့် လေ့လာသူတစ်ဦးကလည်း– *"တရုပ်ကမီးရထားစက်ခေါင်း ၉ ခုပို့လာတယ်။ အခုမန္တလေးတိုင်း သာစည်မှာရှိတယ်လို့ကြားတယ်။ နမ့်ဇန်ကနေ သံလွင်မြစ် တာ့ကော့ဆိပ်အထိဖောက်မယ်။ ကျိုင်းတုံဘက်ကလည်း မြို့အနောက်ဘက် ကျိုင်းတုံတက္ကသိုလ်နားမှာ ဘူတာဆောက်မယ်။ တာ့ကော့ဆိပ်အထိ လမ်းဖောက်ပြီး တာ့ကော့မှာဆုံမှာပေ့ါ"* ဟု ဆို၏။

သျှမ်းပြည်တောင်ပိုင်းရှိ ရထားလမ်းမှာရန်ကုန်–မန္တလေး ရထားလမ်းမှ သာစည်၌ခွဲ၍ ကလော–ဟဲဟိုး–ရွှေညောင်–ညောင်ရွှေ–ဘန်းယဉ်–လွယ်ပွတ်– မောက်မယ်(မြောက်ဘက် မိုင် ၂၀ ကျော်တွင်ဖြတ်သန်း၍)– မိုးနဲ–နမ့်ဇန် အထိဖောက်လုပ်ဖွင့်လှစ်ပြီး သော်လည်း ကလောမှ နမ့်ဇန်အထိ တိုက်ရိုက်ပြေးဆွဲခြင်းမရှိသေးဟု ကြားသိရ၏။ နမ့်ဇန်မှ မိုးနဲအထိသာ (တစ်လ တစ်ကြိမ်– နှစ်ကြိမ်ခန့်) အသွားအလာရှိသည်ဟု မိုးနဲမြို့ခံတစ်ဦးကလည်း ပြောပြဖူးသည်။

သျှမ်းပြည်မြောက်ပိုင်းရထားလမ်းမှာမန္တလေး–လားရှိုးရထားလမ်းဖြစ်ပြီး အင်္ဂလိပ်ခေတ်ကတည်းက ဖောက်ထားသောလမ်းဖြစ်၏။ နောင်ချို–ကျောက်မဲကြား တစ်တောင်နှင့်တစ်တောင်ကြား ရှုနက်ကြီးဖြတ်ကူးသော ဂုတ်ထိပ်တံတားမှာ နာမည်ကျော်လျက်ရှိပြီး တံတားသက်တမ်းကုန်ခဲ့ပြီဖြစ်သော်လည်း အာဏာပိုင်တို့တခါတရံသာ အနဲအကျဉ်းပြင်ဆင်၏။ ယနေ့တိုင်ရထား နေ့စဉ်ပြေးဆွဲလျက်ရှိသည်။❑

ဆောင်းပါး

# ဗမာပြည်တရားစီရင်ရေးသေနေ့၊ ဥပဒေ စိုးမိုးရေးနတ္ထိ



နိုဝင်ဘာလဆန်းပိုင်းမှစ၍ ကမ္ဘာကျော်သတင်းကြီးခဲ့သော ဗမာပြည်၏ ဖြစ်ရပ်ကား အတိုက်အခံ ဒီမိုကရေစီနိုင်ငံရေးအကျဉ်းသား ၇၀ ကျော်အား ဗိုလ်သန်းရွှေစစ်အုပ်စုတရားရုံးများက မတန်တဆ ရက်စက်လှစွာ နှစ်ရှည်ထောင်ဒဏ် ချမှတ်လိုက်သည့်ကိစ္စဖြစ်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းက မည်မျှပင်ဝိုင်းဝန်းမေတ္တာရပ်ခံပန်ကြား ချော့မော့တိုးလျှိုးနှစ်သိမ့် ကျောသပ်စေကာမူ နအဖတို့မျက်ကွယ်ပြု လစ်လျူရှုနေဆဲဖြစ်ကြောင်း ပြသလိုက်ခြင်းဖြစ်၏။ *“ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ခွန်ထွန်းဦးတို့အပါအဝင်နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မပေးပါက စစ်အုပ်စု၏ ၂၀၁၀ ရွေးကောက်ပွဲလည်းအဓိပ္ပါယ်ရှိမည် – တရားဝင်မည်မဟုတ်။ တိုင်းရင်းသားအုပ်စု၊ ဒီမိုကရေစီအုပ်စု၊ လက်ရှိအာဏာရစစ်အုပ်စု – သုံးပွင့်ဆိုင်ဆွေးနွေးပွဲစတင်နိုင်မှသာ စစ်မှန်သောအမျိုးသားပြန်လည်သင့်မြတ်ရေးကို အကောင်အထည်ဖော်နိုင်မည်”*– ဟူသော ဥရောပသမဂ္ဂ EU ၏ ၁၀/၁၁/၂၀၀၈ တောင်းဆိုမှုထုတ်ပြန်အပြီး နေ့ရက်ပင်မခြားလိုက်။ ဒီမိုကရေစီအစေ့အညှောင့်ပေါက်စေရန်ရည်သန်သည့် EU ၏မြေကလေးတဖြည်းဖြည်းဆွပေးလိုသောစေတနာမှာဗိုလ်သန်းရွှေစစ်အုပ်စုအဖို့ယမ်းပုံမီးကျဖြစ်စေတော့သည်။ နိုဝင်ဘာလနှောင်းပိုင်းအထိ တပြည်လုံးရှိ အကျဉ်းကျခံ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ၊ ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားတိုက်ပွဲဝင်သူများ၊ရွှေဝါရောင်တော်လှန်ရေးအရေးအခင်းမှ အာဇာနည်သံဃာတော်များ၊ NLD ပါတီဝင်များ အယောက် ၇၀ ကျော်အား ထောင်ဒဏ် ၂–၃ နှစ်မှ ၆၅ နှစ်ကျော်အထိ စီရင်ချက်ချလိုက်သည်။ ထို့ထက်မကစစ်အုပ်စုနှင့် သဘောထားကွဲလွဲသူများ၊ တရားခံရှေ့နေများနှင့်အမှန်တရားလက်ကိုင်ထားသူ တရားသူကြီးအချို့ကိုပါ ဖမ်းဆီးထောင်ချ/ဖယ်ရှားရွှေ့ပြောင်းပစ်လိုက်သည်။

အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနအစ၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဗန်းခီးမွန်းအဆုံး၊ မည်မျှပင်တောင်းဆိုတိုက်တွန်းစေကာမူနအဖတို့လစ်လျူရှု အမှုမထားနားမဝင်၊ မထေမဲ့မြင်ပြုနေ၏။ မိမိဆရာသခင်တရုပ်နှင့်ရုရှားတို့ ဘာမျှမမြွက်ကြားသရွေ့ဗိုလ်သန်းရွှေတို့သဘောခွေ့နေ၏။ နအဖအဖို့တရားအားထုတ်၊ ရုရှားနှင့်အလုပ်ဖြစ်၊ အာဗီယံအပေါ်ညှစ်ချိုင်စျေးကိုင်နိုင်လေ – ငါ့လှေငါထိုး၊ ငါ့မြင်းငါစိုင်းလုပ်နိုင်လေဖြစ်ကြောင်း ပြသနေသည်။

စည်းကမ်းရှိသော ဒီမိုကရေစီသို့ ဦးတည်နေသည်ဆိုသော ပြည်ထောင်စုအမည်ခံသက်သက်၊ တပြည်ထောင်စနစ်ပန္နက်ချပြီးသား စစ်အုပ်စုဖွဲ့စည်းပုံ၏အရောင်အသွေးကိုထင်ဟပ်ပေးသောအရေးအခင်းများလည်းမရေတွက်နိုင်တော့။ ရွှေဝါရောင်တော်လှန်ရေး နှိပ်ကွပ်သတ်ဖြတ်ဖမ်းဆီးမှုကြီး၊ နားဂစ်မုန်တိုင်းဒဏ်ရာဒဏ်ချက်ကြားမှ မေလမသမာ ဆန္ဒခံယူပွဲ၊ ယခုနိုဝင်ဘာ မတရားနှစ်ရှည်ထောင်ဒဏ်စီရင်ချက်တို့သည် ထင်ရှားသောသာဓကကြီးများပင်။

ဗိုလ်သန်းရွှေစစ်အုပ်စု၏ အဇ္ဈတ္တနှင့် ပြင်ပသရုပ်သကန်မှာ မင်းသားခေါင်းဆောင်းဘီလူးလုံးဝမဟုတ်တော့။ သရဲသဘက် မျက်နှာဖုံးတပ် မကောင်းဆိုးဝါး အတ္တသမားကြီး၊ အစွန်းရောက် တယူသန်ကြီးဖြစ်ကြောင်း ပီပြင်ပေါ်လွင်လှသည်။

အကျဉ်းကျခံနိုင်ငံရေးသမားများ ထောင်သက်တမ်းစေ့သည်အထိ စစ်အာဏာပိုင်ထိပ်သီးကြီးများ လုံးဝတွေ့မြင်နိုင်မည်မဟုတ်ကြောင်းသိလျက်နှင့်အဘယ့်ကြောင့် အတိုက်အခံအမာခံများအား နှစ်ရှည်ထောင်ဒဏ်ကျခံစေသနည်း။ အတိုက်အခံအင်အားစုများ အပေါ် အလျဉ်းမျှမညှာတာ–ဘဇာကြောင့် ကျူပင်ခုတ်ကျူငုတ်မကျန် မြေလှန်နှိပ်ကွပ်ချေမှုန်းနေရသနည်း။ မည်သည့်အညှိုးအတေးများကြောင့်နည်း။ ဤအချက်များကား အဖြေသိပြီးသား မေးခွန်းများချည်းဖြစ်သည်။

အထူးအလေးထားစဉ်းစားရမည့်အချက်တော့ရှိ၏။ နအဖ၏ဒီယံမြင်လို့ ဤချုံထွင် ၇ ဆင့် လမ်းပြမြေပုံအကြံအစည်အတိုင်း ၂၀၁၀ ရွေးကောက်ပွဲအပြီး လံကြုပ်အရပ်သားအစိုးရသစ်၌ နိုင်ငံတော် သမတရာထူးအတွက် ဦးသန်းရွှေ အခန့်သားထိုင်နေဖွယ်ရာ အလားအလာရှိ၏။ ထိုသို့ဖြစ်ရိုးမှန်လျှင်၂၀၁၀နောက်ပိုင်း နိုင်ငံတော်သမတကြီး ဦးသန်းရွှေ ရာထူးလက်ခံ စံမြန်းတော်မူချိန်မှစ၍ ကွယ်လွန်အနိစ္စရောက်ချိန်အထိ၊ ကြားကာလသမယအတောအတွင်း၊ အနှောင့်အယှက်မှန်သမျှ ကင်းပစေရန် ဆူးငြောင့်ခလုတ်များ ကြိုတင်ဖယ်ရှားထားခြင်းဖြစ်နိုင်သည်ဟု ယူဆရသည်။

သို့ဖြစ်၍ အုပ်ချုပ်ရေး အာဏာသာမက ဥပဒေပြုအာဏာ၊

တရားစီရင်ရေးအာဏာပါ အလုံးစုံချုပ်ကိုင်ထားသည့် စစ်အာဏာပိုင်ပီပီ၊ မိမိအာဏာတည်မြဲရေးအတွက် တရားစီရင်ရေးစနစ်ကို အချက်ပိုင် အကွက်ပိုင် အသုံးချနေခြင်းဖြစ်၏။ စစ်ဗိုလ်ချုပ်ကြီးများ ဓါးမိုးကြီးစိုးသည့်နိုင်ငံဖြစ်သဖြင့် ဗမာပြည်တရားစီရင်ရေးသည် စစ်အာဏာရှင်သက်ဆိုးရှည်ရေးအတွက် အလုပ်အကျွေးပြုနေရခြင်းမှာ အံ့သြဖွယ်ရာမဟုတ်။

နအဖလက်အောက်ခံ ဥပဒေဝန်ထမ်းများအဖို့-**"အများနည်းတူအကြောက်တရားဝဲသြဃကြား လူးလားစုန်ဆန်နေရသဖြင့် အသက်ရှင်သန်ရေးအတွက် ကိုယ်လွတ်ရုန်းရမည်- မင်းဆိုးမင်းညစ်အောက်ဦးဆွေးဆံမြေ့အမှုထမ်းဘဝခံယူပြီး- စေသည့်ကျွန် ထွန်သည့်နွားဖြစ်နိုင်မှတော်ရာကျမည်"**- ဟု ယုံကြည်ယူဆထားကြသလော၊ မပြော တတ်တော့ပေ။ ၎င်းတို့တွင် **"ကြောက်ရွံ့ခြင်းမှ လွတ်ကင်းရေး** Freedom from fear **သဘောတရားထက်၊ အကြောက်တရားမှာကုစရာဆေးမရှိ"** ဆောင်ပုဒ်က ပို၍မြဲမြံရောင်ပြန်ဟပ်နေသလောတွေးတောစရာဖြစ်လာသည်။

## "အကြီးအကျယ်မေးခွန်းထုတ်ဖွယ် ထူးဆန်းလှသည်မှာ – တရားစီရင်ရေးအကျိုးဆောင် ပြည်သူ့ဝန်ထမ်းများအဖို့၊ စစ်အာဏာ ပိုင်တို့စေခိုင်းကြိုးဆွဲတိုင်း ဘာ့ကြောင့်ဤရွေ့ဤမျှ မျက်စိစုံမှိတ် လိုက်နာနေရသနည်း"

အကြီးအကျယ်မေးခွန်းထုတ်ဖွယ် ထူးဆန်းလှသည်မှာ – တရားစီရင်ရေးအကျိုးဆောင် ပြည်သူ့ဝန်ထမ်းများအဖို့၊ စစ်အာဏာပိုင်တို့စေခိုင်းကြိုးဆွဲတိုင်း ဘာ့ကြောင့်ဤရွေ့ဤမျှ မျက်စိစုံမှိတ်လိုက်နာနေရသနည်း။

ဖြစ်စေလိုသော စွဲချက်၊ ပုဒ်မများအတိုင်း မဖြစ်မနေ မရမကပြစ်ဒဏ်ချနိုင်စေရန် စစ်အုပ်စုအမိန့်ပေးတိုင်း (တရားသူကြီးများ၊ တရားလိုရှေ့နေများ၊ အစိုးရသက်သေများ) အဘယ့်ကြောင့်ခေါင်းငုံ့ခံလိုက်လျောနေရသနည်း။ တရားစီရင်ရေးအကျိုးဆောင်များဖြစ်လျက်နှင့် ဘာ့ကြောင့်ထိုမျှလောက် ဆင်ခြင်ထုံတရားခေါင်းပါးရသနည်း။ အသက်ရှူရန် ၎င်းတို့တွင်ကိုယ်ပိုင်နှာခေါင်းများလုံးဝမရှိတော့သလား? – စသည့်ပဟေဠိများဖြစ်သည်။

ယနေ့ဗိုလ်သန်းရွှေစစ်အုပ်စုလက်ထက် ဗမာပြည်၌ ဒီမိုကရေစီဆိတ်သုဥ်း၊ လူ့အခွင့်အရေးဆုံးရှုံးသည့်အခြေအနေ၊ တရားဥပဒေစိုးမိုးရေးကင်းမဲ့၊ တရားစီရင်ရေး သဲ့သဲ့လေးပင် အသက်မရှင်နိုင်ခြင်းကား ၊ အဓိကတရားခံစစ်အာဏာပိုင်တို့တွင်သာ တာဝန်ရှိ သလော?။ အခြားတရားစီရင်ရေး အကျိုးဆောင်များတွင် လုံးဝတာဝန်မရှိတော့ပြီလော?။ ဆန်းစစ်စောကြောသင့်လှသည့် အတွေးအမြင်များဖြစ်၏။

ဗမာပြည်နိုင်ငံရေးတင်းမာမှုပဋိပက္ခအပေါ် တရုပ်၊ ကုလားရုရှားတို့ရေငုံနှုတ်ပိတ်နေသမျှ (တခါတရံ ချောင်းဟန့်သံပေးပြီး မထိတထိညည်းပြုရုံညည်းပြနေသမျှ)၊ အိမ်နီးချင်းအာဗီယံနိုင်ငံတို့ကလည်းဗမာပြည်သယံဇာတခွဲဝေရေးကိုသာ သွားရေတမျှမျှ အာသာငန်းငန်းဖြစ်နေသမျှကာလပတ်လုံး၊ EU,US,UN တို့၏တိုက်တွန်းတောင်းဆိုမှုဖိအားပေးပိတ်ဆို့အရေးယူမှု စသည်များလည်း သဲထဲရေသွန်ဖြစ်မြဲဖြစ်နေဦးမည်။

ဗမာပြည်တရားစီရင်ရေးပြန်လည်အသက်ရှင်စေရန်၊ တရားဥပဒေစိုးမိုးရေးရောင်နီသန်းလာစေရန်၊ ဒီမိုကရေစီအစေ့အညှောင့်ပေါက်လာစေရန် တစ်ခုတည်းသောနည်းလမ်းကား – စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးပင်တည်း။

ကြယ်မင်းခေါင် (သျှမ်းပြည်)
၁၅/၁၁/၀၈



## UNSC ကူညီနိုင်ဖို့ ဝေလာဝေး

ကမ္ဘာ့ပဋိပက္ခအဖြာဖြာ၊
ပြဿနာပေါင်းသောင်းခြောက်ထောင်၊
များမြောင်လှသည်၊ ဗမာပြည်အရေးတော်ပုံ၊
ကုလလုံခြုံရေးကောင်စီ၊ မကူညီနိုင်တော့ပေ။
မျှော်လင့်အားထားနိုင်စရာမလို၊ ပြည်သူများ ကိုယ့်အားကိုယ်ကိုး၊
မင်းဆိုးမင်းညစ် တွန်းလှန်ပစ်ကြစို့။

# ဓါးမြှောက်ပြီး ဖက်လှဲတကင်းပြေ၊ နအဖနဲ့ အပစ်ရပ်

ကချင်အပစ်ရပ်အဖွဲ့တွေနဲ့ စစ်ဖက်ဆိုင်ရာလုံခြုံရေး စရဖ ထိပ်တန်းအရာရှိ တွေ့ဆုံခဲ့ပါတယ်။ စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက စေလွှတ်လိုက်တာပါဆိုပြီး ကချင်အပစ်ရပ်အဖွဲ့ကို စရဖ **(MAS)** အကြီးအကဲ ဒုဗိုလ်ချုပ်ကြီးရဲမြင့်က ကချင်ပြည် မြစ်ကြီးနားမြို့နဲ့သျှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့တွေမှာ အောက်တိုဘာ(၁၇)ရက်နဲ့(၂၂)ရက်နေ့တွေမှာ တွေ့ဆုံခဲ့တယ်လို့ အပစ်ရပ်အဖွဲ့တွေနဲ့နီးစပ်တဲ့သတင်းရပ်ကွက်ကဆိုပါတယ်။အပစ်ရပ်အဖွဲ့တွေကိုပြန်လည်ဖွဲ့စည်းပြီးစစ်အစိုးရကာကွယ်ရေးဝန်ကြီးဌာနလက်အောက်မှာထားရှိမယ်လို့ ကစထမှူးဗိုလ်ချုပ်မင်းအောင်လှိုင်က စက်တင်ဘာလကုန်ပိုင်းမှာ အသိပေးပြီးတဲ့နောက် ဒုဗိုလ်ချုပ်ကြီးရဲမြင့်က ခုလိုသွားတွေ့ဆုံတာပါ။

ဗိုလ်ချုပ်မင်းအောင်လှိုင်နဲ့ အပစ်ရပ်အဖွဲ့တွေကို မြစ်ကြီးနားမြို့မှာခေါ်ယူတွေ့ဆုံပြီး ‘ဝ’၊ ကိုးကန့်နဲ့ မြောက်ပိုင်း **SSA** တို့ကိုတော့ လားရှိုးမြို့မှာ အောက်တိုဘာ (၂၂) ရက်နေ့က တွေ့ဆုံခဲ့တဲ့အကြောင်း တရုတ်နယ်စပ်က စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက ခုလိုပြောပြပါတယ်။



ဒုဗိုလ်ချုပ်ကြီးရဲမြင့်

*“ဗိုလ်ရဲမြင့်က ရောက်ရောက်ချင်းဘာပြောလဲဆိုတော့ ကျနော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ကိုယ်စား လာတာပါ။ လာရတဲ့ ရည်ရွယ်ချက်ကတော့ ခင်ဗျားတို့နဲ့ မတွေ့ရတာလဲကြာပြီပေါ့။ ကျနော်တို့ ခေါင်းဆောင်တွေလည်း မေးမြန်းနှုတ်ဆက်တဲ့ အကြောင်းပြောခိုင်းတယ်ပေါ့။ သံတမန်တယောက်အနေနဲ့ ကျနော်လာတာဖြစ်တယ်။ ကျနော်ပြောချင်တာကတော့ ကျနော်တို့နှစ်ပေါင်းများစွာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လက်နက်မကိုင်ဘဲပူးပေါင်းဆောင်ရွက်ခဲ့ကြလို့ တိုင်းပြည်တိုးတက်လာတယ်။ ပြည်သူတွေငြိမ်းချမ်းရေးရလာတယ်၊ ခင်ဗျားတို့ကျနော်တို့ အားလုံးတိုးတက်တယ်။ နောင်ကိုလဲ အဲလိုဆက်လက်ပြီးတော့ ဒီထက်ပူးပေါင်းလုပ်ဆောင်သွားကြဖို့ မျှော်လင့်တယ်တဲ့။ ဒီစကားကို သူ* ***re-cording*** *လုပ်ပြောသလို ပြောသွားတာ”*

*“ဒီတခါမှာတော့ တပ်တွေပြန်လည်ဖွဲ့စည်းရေးကိစ္စ တခွန်းတပါဒမှ မပြောခဲ့ဘူးလို့သိရပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် နယ်စပ်ဒေသတွေမှာရှိနေတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကိုစစ်အစိုးရက အခုလိုနည်းသုံးသလို အပစ်ရပ်အဖွဲ့တွေကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းမယ်လို့အသိပေးပြီး မသိမသာခြိမ်းခြောက်တဲ့ နည်းဗျူဟာတွေလဲသုံးနေတယ်လို့ စစ်ရေးအကဲခတ်တွေက ယူဆပါတယ်။ အဲဒီလိုဖွဲ့စည်းဖို့အသိပေးချိန်မှာ တောင်ပိုင်း‘ဝ’စစ်ဒေသတပ်မှူးဖြစ်ပေမဲ့ လုပ်ပိုင်ခွင့်အာဏာမရှိတဲ့ ဝေ့ရှော်ယင်ကိုဘဲ တွေ့တာဖြစ်လို့ တကယ်ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ ဝေ့ရှော်ကန်းကိုပြောတာမဟုတ်ဘူးလို့ဆိုပါတယ်။”*

အပစ်ရပ်အဖွဲ့တွေ ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်မှာထားမယ်လို့ အသိပေးတုံးက စစ်အစိုးရနဲ့ ငြိမ်းချမ်းရေးယူထားတဲ့အဖွဲ့တွေက ဆုံးဖြတ်ပိုင်ခွင့်ရှိသူတွေကို တွေ့ဆုံအသိပေးတာမဟုတ်ဘူးလို့ စစ်ရေး၊ နိုင်ငံရေးအကဲခတ် ဦးအောင်ကျော်ဇောက ပြောပါတယ်။

*“တိုက်ရိုက်အသော်ရတီကို မပြောဘူး။ တောင်ပိုင်းစစ်ဒေသက ဝေရှော်ယင်ကိုပြောတယ်။ သူက အသော်ရတီမဟုတ်တော့ ချက်ချင်းမတုန့်ပြန်နိုင်ဘူး။ အဓိကဝေ့ရှော်ကန်းဖြစ်တယ်။ ဗဟိုက တုန့်ပြန်တာကိုကြည့်ရမှာကိုး။ မတုန့်ပြန်နိုင်တဲ့သူကို* ***Message*** *သဘောမျိုးပေးတာ။ မိုင်းလားအဖွဲ့ဆိုရင်လဲ ဘဲဒီလိုဘဲ။ ထိပ်သီးခေါင်းဆောင်တွေရှိရဲ့သားနဲ့ ဒုတိယတန်းခေါင်းဆောင်တွေကိုသွားပြောတာ။ ချက်ချင်း* ***resolve*** *သူတို့ယူမသွားဘူး”*

အသိပေးရုံဘဲပေးပြီး ဘယ်တော့ပြင်ဆင်ဖွဲ့စည်းမယ်ဆိုတာကိုလဲ စစ်အစိုးရဘက်က ပြောမသွားဘူးလို့ ဆိုပါတယ်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက စေလွှတ်လိုက်တာပါလို့ ပြောပြီးကချင်အပစ်ရပ်အဖွဲ့တွေနဲ့ တွေ့ဆုံစဉ်မှာတော့ ဗိုလ်ရဲမြင့်က တပ်ကိစ္စ မပြောဘူးလို့ ဆိုပါတယ်။

*“တပ်ပြောင်းလဲရေးကိစ္စဘာမှမပြောဘူး။ အရင်တုန်းက အမျိုးသားညီလာခံကာလပြီးဆုံးတော့ ပါတီဖွဲ့ကြပါ၊ ပါတီဖွဲ့ပြီးရင် လက်နက်ကိုင်တပ်ဖွဲ့တွေနဲ့ ခင်ဗျားတို့ သိပ်မပတ်သက်တော့ဘူး ထင်တယ်လို့နအဖစစ်အာဏာပိုင်တွေပြောခဲ့ဘူးတယ်။ အဲဒီဟာတွေကိုလဲ နောက်ထပ်ဘာမှ မပြောဘူး”*

ကချင်လွတ်မြောက်ရေးအဖွဲ့ကတော့ ပါတီထူထောင်မှာမဟုတ်ဘူး။ ကချင်လူထုက ပါတီထူထောင်ရေးတော့ ထောက်ခံတယ်လို့ပြောကြတာလဲရှိပါတယ်။ မြောက်ပိုင်းတိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း ကြီးမှူးပြီး အားကစားပွဲတွေကျင်းပတာလဲရှိတယ်လို့ ပြောပါတယ်။

*“တိုင်းမှူးက ဂေါက်ရိုက်ချင်လို့ပါဆိုပြီး လိုင်ဇာမှာရှိတဲ့ ဂေါက်ကွင်းမှာ လာရိုက်တယ်။ ဘောလုံးပွဲလုပ်ကြရအောင်ဆိုပြီး* ***KIA*** *ခေါင်းဆောင်တွေနဲ့ ဘောလုံးကန်ကြတော့ တိုင်းမှူးကိုယ်တိုင်ကန်တဲ့ပွဲမှာပါတယ်”*

KIA နဲ့စစ်အစိုးရပူးပေါင်းလုပ်ကိုင်နေကြတဲ့ ဒီလိုအားကစားပွဲတွေဟာ ကချင်လူထုအဖို့ဘာမှမထူးခြားပါဘူးလို့ ကချင်ဖွံ့ဖြိုးတိုးတက်ရေးကွန်ယက် KDN ဥက္ကဋ္ဌ ဦးအောင်ဝါကပြောပါတယ်။ တဖက်မှာလဲ စစ်အစိုးရလုပ်ကိုင်နေပုံတွေကို ဦးအောင်ကျော်ဇောက အခုလိုပြောပြပါတယ်။

*"အဲလိုအပေါ်ယံနားထောင်ကောင်းတဲ့ ကိစ္စမျိုးတွေပြောနေကြပေမဲ့ တဖက်မှာလဲ ရှမ်းပြည်ဖက်မှာရှိတဲ့ KIA တပ်မဟာ (၄) တပ်စခန်းတွေ ဆုတ်ခိုင်းတာတို့၊ နမ့်တီးသကြားစက်ဖက်မှာ KIA ရဲဘော် (၃)ယောက်အဖမ်းခံရတာတို့၊ ကချင်ရွာတွေမှာKIA နဲ့မဆက်သွယ်ရဘူးဆိုပြီးဗမာစစ်တပ်ကအမိန့်ချတာတို့ KIAနယ်စပ်တလျှောက်မှာ တခါမှလက်နက်မကိုင်ဘူးတဲ့ လူမျိုးစုတချို့ကို ဗမာတပ်က ပြည်သူ့စစ်ဖွဲ့ခိုင်းတာတို့ဟာ KIAအပေါ်တင်းမာအကြပ်ကိုင်တာတွေဖြစ်တယ်။"*

စစ်အစိုးရဟာ သူ့လုံခြုံရေးအတွက် ပြည်သူ့စစ်အဖွဲ့တွေ တိုးဖွဲ့စည်းနေပေမဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ချုပ်ငြိမ်းအောင်လုပ်နေတယ်။ ကရင်ပြည်မှာဆိုရင် KNU တပ်တွေကို ထိုးစစ်အကြီးအကျယ်ဆင်နွှဲနေတယ်လို့ဦးအောင်ကျော်ဇောကပြောပါတယ်။

RFA (26/10/2008)

# ရွေးကောက်ပွဲဝင်ဖို့ အပစ်ရပ်မိုင်းလားအဖွဲ့ဆုံးဖြတ်တာဟာ အလျှော့ပေးခြင်းလား

*"လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့အခြေအနေက ကြားရတဲ့ သတင်းအရ–ဗိုလ်ချုပ်ရဲမြင့်ကလက်နက်ကိုင်တပ်ဖွဲ့တွေကိုဖျက်သိမ်းမှာမဟုတ်ဘူး။လက်နက်တွေကိုရုပ်သိမ်းမှာမဟုတ်ဘူးလို့ပြောထားတယ်။ တဖက်ကလည်း တပ်ပြင်ဆင်ဖွဲ့စည်းရေး လုပ်ခိုင်းနေတဲ့ အခါကျတော့ အဲဒီလမ်းကြောင်းအတိုင်း ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ သဘောမျိုး၊ တပ်ပြန်လည်ဖွဲ့စည်းမှုလုပ်မယ်။ တပြိုင်နက်ထဲမှာ လက်နက်ကိုင်တပ်ဖွဲ့တွေကိုလုံးဝဖျက်သိမ်းပစ်တဲ့အခြေအနေမျိုးလည်း မဟုတ်ဘဲနဲ့ဒီ ၂ ချက်အပေါ်မှာ လက်ခံလိုက်တယ်။ အခြေအနေအရ အဲဒီလိုကျင့်သုံးလိုက်တယ်လို့ ပြောရမှာဘဲ။"*

လက်နက်ကိုင်တပ်ဖွဲ့တွေ ပြင်ဆင်ဖွဲ့စည်းရေးဆိုတဲ့အပိုင်းမှာ သူတို့ဘယ်လိုအသွင်နဲ့ဆက်ရှိနိုင်မှာလဲ၊ တခုတည်းသော တပ်မတော်ဆိုတဲ့ ဗမာစစ်အစိုးရရဲ့မူအတိုင်း အဲဒီအောက်မှာ ဆက်ရှိသွားမယ့် သဘောလား။

*"တပ်ပြင်ဆင်ဖွဲ့စည်းရေးကိုသဘောတူတယ်ဆိုတာက တပ်ရဲ့အခုရှိနေတဲ့ ဖွဲ့စည်းပုံအတိုင်းဖွဲ့စည်းထားကြတဲ့ဟာတွေထဲက သင့်လျော်ရာလူတွေ တပ်ဖွဲ့ဝင်တွေကို ရွေးထုတ်မယ်။ ရွေးထုတ်လိုက်တဲ့ သင့်လျော်ရာအဖွဲ့ဝင်တွေကို နအဖစစ်တပ်ကနေပြီး သင်တန်းပေးတာတို့လည်းကောင်း၊ တပ်ဖွဲ့စည်းမှုနဲ့ပတ်သက်ပြီး ဘယ်လိုဖွဲ့စည်းမယ်ဆိုတဲ့ ဖွဲ့စည်းပုံတွေကိုလည်းကောင်း အဲဒီလိုဟာတွေကိုကိုက်ညီအောင်ဖွဲ့ပေးတာဘဲ။ သင်တန်းတွေ လက်ခံတာဘဲဖြစ်ပြီးတော့ တဖက်ကလည်းတပ်အနေနဲ့ ပြုတ်မသွား ဘဲရှိနေတဲ့ အနေအထားမျိုး ဖွဲ့စည်းတာ။ အဲဒီဟာလိုမျိုးကို သူတို့တဖက်ကလိုက်လျောပြီး အလျှော့ပေးလိုက်သယောင်ရှိပေမဲ့လို့တဖက်ကလည်း လုံးဝပြုတ်သွားမယ့်သဘောမျိုးမဟုတ်တဲ့ အတွက်အဲဒီလိုနည်းကို ရွေးချယ်တဲ့ တပ်ဖွဲ့စည်းပုံမျိုးလို့ ပြောရမှာဘဲ။"*

ဦးစိုင်းလင်းတို့အဖွဲ့ကတော့ အစိုးရလိုချင်တဲ့ပုံစံအတိုင်း အနည်းဆုံးတော့ တစိတ်တပိုင်းကို သူတို့လက်ခံလိုက်တဲ့ သဘောရှိတာပေါ့။



**အပစ်ရပ်မိုင်းလားအဖွဲ့မှစစ်သားတစ်ချို့**

ကျန်တဲ့လက်နက်ကိုင်အဖွဲ့တွေလည်း ဥပမာအားဖြင့် အဖွဲ့အစည်းကြီးတွေဖြစ်တဲ့ KIO တို့ ဝတို့ က အဲဒီပုံစံအတိုင်းလက်ခံမယ့် အနေအထားရှိနိုင်ပါသလား။

*"ကြားသိရတဲ့သတင်းတွေအပေါ် အခြေခံပြီးပြောရမယ် ပြန်ကြည့်မယ်ဆိုရင် ဦးစိုင်းလင်းတို့အဖွဲ့က PDF ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီ တပ်ဦးဆိုပြီး သူတို့၄ ဖွဲ့ပူးပေါင်း တည်ဆောက်ထားတဲ့ အဖွဲ့ဘဲလေ။ ဦးစိုင်းလင်းတို့အဖွဲ့ ကိုယ်တိုင်က ဒီလိုပါတီထောင်ပြီး ရွေးကောက်ပွဲဝင်မယ်ဆိုရင်ကျန်တဲ့ဝတို့ ကိုးကန့်တို့ကလည်းဘဲ ဒီလမ်းကြောင်းအတိုင်း ဆက်ပြီးလျှောက်မယ့်သဘောလို့ဘဲ တွက်ချက်လို့ရတာဘဲဗျာ။"*

*"အဲဒါဆိုလို့ရှိရင် အပစ်ရပ်အဖွဲ့တွေရဲ့အနာဂတ်က ၂ မျိုးထွက်မှာဘဲဗျ။ တစ်မျိုးကတော့ ရွေးကောက်ပွဲလဲ လုံးဝမဝင်ဘူး။ ကိုယ့်တပ် ကိုယ့်နယ်မြေ ကိုယ့်အဖွဲ့အစည်းတည်ရှိခွင့်နဲ့ဘဲ ဆက်ပြီး မာမာချာချာရပ်သွားမဲ့ဟာမျိုးလဲရှိနိုင်တယ်။နအဖစစ်အစိုးရကိုယ်တိုင်လိုချင်တဲ့ပုံစံမျိုးအတိုင်း လိုက်လျောပြီးတော့ လုံးဝဥဿုံလုပ်သွားမယ့် အဖွဲ့မျိုးတွေလည်းရှိနိုင်တယ်။"*

BBC 10/11/2008

# အာဏာရှင် နှင့် ဒီမိုကရေစီ ထိုင်းပြည်သူတို့ပေးသော သင်ခန်းစာ

လွန်ခဲ့သည့်အောက်တိုဘာ ၂၁ ရက်နေ့က အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင်အမှုရှောင်တိမ်းရောက်ရှိနေသူ ထိုင်းဝန်ကြီးချုပ်ဟောင်း ထတ်ဆင်ရှင်းနဝပ်အားအာဏာအလွဲသုံးစားမှုဖြင့် ထိုင်းတရားရုံးချုပ်ကထောင်ဒဏ်၂ နှစ်စီရင်ချက်ချလိုက်၏။ အဆိုပါဖြစ်ရပ်ကား ထိုင်းနိုင်ငံ၏ တရားစီရင်ရေး သမာသမတ်ကျလာပုံကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်၏။ ထိုင်းဒီမိုကရေစီစနစ်အတွက် သမိုင်းမှတ်တိုင်တခုလည်းဖြစ်ကြောင်း လေ့လာအကဲခတ်သူများ ကောက်ချက်ချခဲ့ကြသည်။

၂၀၀၁ ရွေးကောက်ပွဲအနိုင်ရ ထိုင်းရတ်ထိုင်းပါတီဥက္ကဋ္ဌ၊ ရောမရှင်းကော်ပိုရေးရှင်းပိုင်ရှင် သန်းကြွယ်သူဌေးကြီး ၊ အသပြာအာဏာရှင်ဝန်ကြီးချုပ်ဟောင်း၏ခြစားမှုအပေါ် စီရင်ချက်ချခြင်းကို ထိုင်းဒီမိုကရက်တစ်အမတ် ကရိုင်းဆတ် ချွန်းဟဝမ်းက– *"ထိုင်းနိုင်ငံ၏ တရားစီရင်ရေးစနစ် လွတ်လပ်ခိုင်မာမှုရှိလာခြင်းကို အသိအမှတ်ပြု အားရမိကြောင်း၊ ထိုင်းနိုင်ငံအတွက် သမိုင်းတွင်သည့်အချက်တခုဖြစ်ကြောင်း၊ အာဏာအလွဲသုံးစားလုပ်၍ ဥပဒေချိုးဖောက်သူ နိုင်ငံရေးခေါင်းဆောင်များ၊ အစိုးရအာဏာပိုင်များအဖို့ တရားဥပဒေအတိုင်း စီရင်ချက်ချခံရမည်ကို ယခုအဖြစ်က သက်သေပြလိုက်ခြင်းဖြစ်ကြောင်း"*– ထောက်ပြခဲ့သည်။



Photo: AP

**ထိုင်းဝန်ကြီးချုပ်ဟောင်း ထတ်ဆင်ရှင်းနဝပ်**

ထတ်ဆင်ကိုယ်တိုင်မှာမူကား *"တရားရုံးဆုံးဖြတ်ချက်မှာ မိမိအပေါ် နိုင်ငံရေးအရလုပ်ကြံမှုဖြစ်ပြီး မိမိအနေနှင့်အတန်ကြာကတည်းက မျှော်လင့်ထားပြီးဖြစ်ကြောင်း"* CNN နှင့် အင်တာဗျူးတွင်ချက်ချင်းတုန့်ပြန်ခဲ့၏။ ဤနေရာတွင် အထူးသတိမူ ဂရုပြုရမည့်အချက်မှာ စစ်အာဏာရှင်ဖြစ်ဖြစ်၊ ငွေအသပြာအာဏာရှင်၊ ဘာအာဏာရှင်ဖြစ်ဖြစ်၊ မိမိအမှားကိုဝန်ခံလိုသည့်အာဏာရှင်မရှိ–ဟူသောအချက်ဖြစ်၏။ မိမိကျူးလွန်ခဲ့သောအမှားအတွက် နောင်တသံဝေဂတရားရပြီး အမှန်ကိုမြင်၊ အမှားကိုပြင်သည့် အာဏာရှင်ဆို၍ လက်ညှိုးထိုးပြစရာမရှိခြင်းကိုဖော်ပြနေသည်။

ရဲ ဒုပိုလ်မှူးကြီးဟောင်း ထတ်ဆင်သည် အနောက်နိုင်ငံမှ ပါရဂူဒေါက်တာဘွဲ့ ရရှိခဲ့သူဖြစ်၏။ ဗမာစစ်အာဏာရှင်ကြီး ဗိုလ်သန်းရွှေထက် အသိအမြင် ပညာအဆင့်အတန်း ပိုမိုမြင့်မား၏။ ဒီမိုကရေစီစနစ်နိုင်ငံရေးခေါင်းဆောင်များအတွက် မရှိမဖြစ်အထူးလိုအပ်သော အရည်အသွေးများဖြစ်သည့် ကိုယ်ကျင့်သိက္ခာ၊ သီလ၊ သမာဓိပြည့်ဝသူ ဖြစ်သင့်လှသည်။

ဒီမိုကရေစီဆိုသည်မှာ **ပြည်သူ၏ ပြည်သူ့အတွက် ပြည်သူတို့မှရွေးခြယ်တင်မြှောက်သောအစိုးရ**– ဟု အီဗရာဟင်မ်လင်းခင်း၏ အဆိုအမိန့်ကို ယေဘုယျကိုးကားလေ့ရှိကြ၏။ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ သဟဇာတဖြစ်မှု၊ ငြိမ်းချမ်းမှုတို့ကို ခံစားစံစားနိုင်မှ ဒီမိုကရေစီရရှိသည်ဟု မှတ်သားဖူး၏။ လွတ်လပ်မျှတသည့် ရွေးကောက်ပွဲကျင်းပသည်ဟု လိမ်လည်လုပ်ပြနိုင်ရုံမျှနှင့် ဒီမိုကရေစီဖြစ်သည်မဟုတ်ပေ။ မည်ကာမတ္တ လွတ်လပ်မျှတသည့် ရွေးကောက်ပွဲကို ငွေကြေးဖြန့်ကြဲ မဲဝယ်ခြင်းဖြင့်လည်းကောင်း၊ သေနတ်တကားကားစစ်အာဏာ ဓါးမိုးခြိမ်းခြောက်ခြင်းဖြင့်လည်းကောင်း၊ ကျင်းပပြလုပ်နိုင်သောကြောင့်ဖြစ်သည်။

ဒီမိုကရေစီအုတ်မြစ် ခိုင်မာရေးအတွက် အဓိက ကျားကန်ပံ့ပိုးပေးသော တရားစီရင်ရေးစနစ် ပေါ်ပေါက်ထွန်းကားစေရန်မှာ ရုပ်ပိုင်းဆိုင်ရာအခန်းကဏ္ဍထက် စိတ်ပိုင်းဆိုင်ရာအခန်းကဏ္ဍက ပို၍ပဓါနကျ၏။ ဆိုလိုသည်မှာ နိုင်ငံ့ခေါင်းဆောင်များအဖို့အပြောအဟောအပြုအမူနှင့်ဟန်ပြအကောင်အထည်ရုပ်ဝတ္ထုပစ္စည်းထက်၊ အတွင်းအဇ္ဈတ္တကိုယ်ကျင့်သိက္ခာ သီလသမာဓိ ဟီရိဩတ္တပ္ပတရား ပို၍လက်ကိုင်ထားဆောင်ကြဉ်းရမည်ဖြစ်၏။ လောဘရမ္မက်ကြီးသူ အာဏာရှင်များလိုက်နာကျင့်သုံးခြင်း အလျဉ်းမရှိသော သဘောတရားဖြစ်သည်။

ဒီမိုကရေစီစနစ် အနှစ်သာရများ၊ တရားစီရင်ရေး မဏ္ဍိုင်နှင့်အာဏာပိုင်များလက်ကိုင်ထားရမည့်ကိုယ်ကျင့်တရား၊ စိတ်ထားအစစ်အမှန်တို့၏ အပြန်အလှန်တည်မှီဆက်စပ်ပုံ၊ နက်နဲသိမ်မွေ့စွာ မကင်းမကွာထောက်ကူပံ့ပိုးကြပုံကို ပညာပေးပျိုးထောင်စိုက်ထူရန်မှာ လွယ်ကူသော အလုပ်မဟုတ်ပေ။

ဒီမိုကရေစီပြည်သူ့မဟာမိတ်အဖွဲ့ PAD ၏ ထိုင်းအစိုးရဝေဖန်ရေးဟောပြောပွဲ ASTV ရုပ်သံအစီအစဉ်ကို တခါတရံနားထောင်မိ၏။ ဒီမိုကရေစီကျင့်စဉ်၊ တရားစီရင်ရေးအုတ်မြစ်၊ ခေါင်းဆောင်စစ်တို့ ရှိအပ်သောကိုယ်ကျင့်သိက္ခာ၊ အသပြာအာဏာရှင်တို့၏ ကလိမ်ကကျစ်ဇာတ်ထုပ်၊ လက်ဝါးကြီးအုပ်မဲဝယ်မှု၊ အုပ်စုအင်အားဖြင့် အစိုးရတက်ဖြစ်လာပုံတို့ကို အစုံအလင်တင်ပြကြသည်။

နဝတ/နအဖလက်ထက်မှစ၍ ထိုင်းပြည်သူများသည် ဗမာပြည်သူများထက် ပညာရေး၊ ကျမ္မာရေး၊ စီးပွါးရေး၊ လူမှုရေးတို့တွင် အတိုင်းအဆမရှိ လွတ်လပ်ဖွံ့ဖြိုးတိုးတက်လာသည်ဟု ဆိုနိုင်၏။ တောရောမြို့ပါ ဗမာပြည်သူများထက် ပညာရေးအဆင့်အတန်း ပိုမိုမြင့်မားကြလေသည်။ သို့သော်လူထုတန်းစားအများစု (အထူးသဖြင့်ကျေး

လက်ပြည်သူ) တို့သည် နိုင်ငံရေးအပေါ် စိတ်ပါလေ့လာမှုနည်းပါးကြသေးသဖြင့် အကောင်းကိုအဆိုးထင်၊ အဆိုးကို အကောင်းမြင်ဖြစ်လေ့ရှိသည်။ သို့ဖြစ်၍ ရွေးကောက်ပွဲလုပ်ခါနီးတိုင်း တိုက်ရိုက် / သွယ်ဝိုက် မဲဝယ်မဲရောင်းမှု ရှိနေသေးခြင်းဖြစ်သည်။ ၂၀၀၇ အခြေခံဥပဒေက ရွေးကောက်ပွဲ မသမာမှု၊ မဲဝယ်မှုများမရှိစေရန် ကန့်သတ်တားမြစ်တင်းကျပ်ထားသည့်ကြားက၊ လက်ဟောင်းနိုင်ငံရေး စားဖားများအဖို့ ဥပဒေဟာကွက်ကို အသုံးချနိုင်ကြဆဲဖြစ်သည်။ လက်ရှိအစိုးရကို ထောက်ခံကြသည့် အာဏာသိမ်းဆန့်ကျင်ရေး ဒီမိုကရေစီတပ်ပေါင်းစု UDD ( စွပ်ကျယ်နီ ထတ်ဆင်အုပ်စု) က ရွေးကောက်ပွဲအနိုင်ရပါတီမှ အစိုးရဖြစ်လာသဖြင့် တရားနည်းလမ်းကျသည်ဟု အကြောင်းပြ၏။ ဒီမိုကရေစီပြည်သူ့မဟာမိတ် PAD (စွပ်ကျယ်ဝါ အုပ်စု) က မသမာနည်းနာများနှင့် ခြစားမှုတို့ဖြင့်မဲဝယ်၍ ရွေးကောက်ပွဲနိုင်လာသောကြောင့် လုံးဝတရားမဝင်ဟု – နေ့စဉ်ရက်ဆက် ထုတ်ဖော်ရှင်းလင်းလာခဲ့သည်။



ဒီမိုကရေစီပြည်သူ့မဟာမိတ် PAD

Image: google search

ဝန်ကြီးချုပ်ဟောင်းဆမတ်နှင့်ထက်ဆင်တို့အပေါ် ထိုင်းတရားရုံးက ပြစ်ဒဏ်အသီးသီးချမှတ်လိုက်သည့်ကိစ္စအပေါ် ဒီမိုကရေစီပြည်သူ့မဟာမိတ် PAD နှင့်ပညာရှင်အတော်များများက တရားစီရင်ရေးမဏ္ဍိုင်ခိုင်မာလာကြောင်း ချီးကျူးဂုဏ်ယူကြ၏။ ထိုင်းရတ်ထိုင်းပါတီ၊ PPP ပါတီနှင့် ထတ်ဆင်အမာခံ စွပ်ကျယ်နီ UDD အုပ်စုကတော့ တရားရုံး၏ ဆုံးဖြတ်ချက်ကိုပြစ်တင်ဝေဖန်ကြ၏။ လူစုလူဝေးဖြင့် စာတမ်းများကိုင်ဆောင်ထောင်ပြကြ၍ ဆမတ်နှင့် ထတ်ဆင်တို့အား ထောက်ခံကြောင်း ဟစ်အော်ကြွေးကြော်ခဲ့ကြ၏။ ဗမာပြည်မှ ကြံ့ဖွတ်စွမ်းအားရှင် အေးလွင်တို့ အုပ်စုကဲ့သို့ဖြစ်သည်။

ထိုင်းနှင့် ဗမာနှစ်နိုင်ငံ လက်ရှိတရားစီရင်ရေးဖြစ်ရပ်များကို နှိုင်းယှဉ်ကြည့်နိုင်၏။ အနီးစပ်ဆုံး ဒီမိုကရေစီနှင့်အာဏာရှင် တရားစီရင်ရေးမဏ္ဍိုင် ပြောင်းပြန်ပြယုဂ်များဖြစ်၏။ နိုင်ငံရေးသြဇာ၊ အုပ်ချုပ်ရေးအာဏာအောက်မှကင်းလွတ်သော ထိုင်းတရားစီရင်ရေးစနစ်သည် အာဏာလက်ကိုင်ထားဆဲ နိုင်ငံ့အကြီးအကဲ ဝန်ကြီးချုပ်ဆမတ်နှင့် အရာရာကို အသပြာဖြင့်ဖန်တီးနိုင်သူသန်းကြွယ်သူဌေးကြီးဝန်ကြီးချုပ်ဟောင်း ထတ်ဆင်တို့အား ပြစ်ဒဏ်ချဆုံးမနိုင်၏။ ဗိုလ်သန်းရွှေစစ်အုပ်စု၏နိုင်ငံရေးသြဇာ၊ အုပ်ချုပ်ရေးအာဏာအောက် ပြာပြားမှောက်ရသည့် ဗမာပြည်တရားစီရင်ရေးကျတော့ ဒီမိုကရေစီရေးတက်ကြွသူ၊ စစ်အုပ်စုနှင့် သဘောထားကွဲလွဲသူများအား ကလဲ့စားချေနှိပ်ကွပ်ချေမှုန်းနေနိုင်သည်။



အာဏာသိမ်းဆန့်ကျင်ရေး ဒီမိုကရေစီတပ်ပေါင်းစု UDD

Photo: AP

ဗမာပြည်သူများအဖို့ စီးပွါးရေး၊ လူမှုရေး ချွတ်ခြုံကျမှု အကျပ်အတည်းကြားမှ ငေါ်ပြတ်မွတ်သိပ်နိမ့်ကျနေရသဖြင့် နိုင်ငံရေးကိစ္စ စိတ်မဝင်စားအားကြပေ။ ဒီမိုကရေစီကျင့်စဉ် တရားစီရင်ရေးမဏ္ဍိုင် နိုင်ငံ့အကြီးအကဲတို့၏အကျင့်သီလစသည်တို့ကိုလေ့လာသိရှိနိုင်ရန်အခြေအနေနှင့် အခွင့်အလမ်းအလှမ်းကွာလှသည်။ စစ်အာဏာပိုင်များကိုယ်တိုင်လူထုကိုပညာပေးဖို့မဆိုထားနှင့်။ စစ်အုပ်စု၏ စည်းမျဉ်းဥပဒေဘောင် အတွင်းမှနေ၍ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးပညာပေးစည်းရုံးသူ များကိုပင်ဖမ်းဆီးနှိပ်ကွပ်နေခဲ့၏။ လူထုကို ပညာပေးစည်းရုံးရန် မီဒီယာတို့တွင် အဓိကတာဝန်ရှိသော်လည်း ပြည်တွင်းမီဒီယာများ တင်းကျပ်စွာ ကန့်သတ်ချုပ်ခြယ်ခံနေရသည်။

ထိုင်းအခြေစိုက် ဗမာပြည်လူ့အခွင့်အရေး ပညာပေးရေးဌာန HREIB ကဲ့သို့သောအဖွဲ့များ၏ ပညာပေးစည်းရုံးမှုကလည်း အားနည်းပစ်မှတ်လွဲနေသည်တွေ့ရ၏။ အထူးသဖြင့် တိုင်းရင်းသားအသိုင်းအဝိုင်းအကြား ပြည်နယ်ဒေသများအထိ ပေါက်ရောက်မှုမရှိသေးသည်ကိုတွေ့ရသည်။

*“အပြောင်းအလဲလိုချင်သည်၊ စစ်အာဏာရှင်စနစ်ဖယ်ရှားလိုသည်၊ ဒီမိုကရေစီလိုလားသည်၊ လွတ်လပ်မျှတသော တရားစီရင်ရေးဖြစ်ရမည်”*– ဟု ကြွေးကြော်မြော်လင့်နေကြသော်လည်း ဗိုလ်သန်းရွှေ စစ်အုပ်စု၏ မျက်စိပိတ်၊ နားပိတ် ဖိနှိပ်ခြယ်လှယ်မှုကို ပြည်သူများခေါင်းငုံ့ခံနေကြရ၏။ ဤသို့ဖြင့်လူ့အခွင့်အရေးဒီမိုကရေစီရေး၊ လွတ်လပ်မျှတသောတရားစီရင်ရေးတို့နှင့်ပတ်သက်သည့် အနက်အဓိပ္ပါယ်အသိအမြင်၊ ပင်မသဘောတရားနှင့်လက်တွေ့တို့ ကို သုံးသပ်ဆန်းစစ်ခွင့်မရရှိကြပေ။

ထို့ကြောင့် – အာဏာရှင်နှင့်ဒီမိုကရေစီ၊ ထိုင်းပြည်သူတို့ ပေးသောသင်ခန်းစာကိုမှု လက်လှမ်းမီနိုင်ပါက လေ့လာသင့်လှပါကြောင်း။

**သျှမ်းသံတော်ဆင့်– စိုင်းဆယ်န်ဂျင့်**

၇/၁၁/၂၀၀၈

# လူမျိုးခွဲခြားဆက်ဆံမှုအပေါ် လူငယ့်အမြင်

ဦးဘမော် – (BBC 06/11/2008)

အမေရိကန်ပြည်ထောင်စုမှာပထမဆုံးလူမဲသမ္မတအဖြစ် ဘရက်အိုဘားမားကို အမေရိကန်ပြည်သူတွေကရွေးချယ်လိုက်ပါပြီ။ အမေရိကန်ပြည်ထောင်စုမှာ မဖြစ်နိုင်တာမရှိပါဘူးလို့ ဘရက်အိုဘားမားက ပြောခဲ့တာပါ။ ကမ္ဘာပေါ်မှာရော အခုခေတ်အခုအခါမှာ အသားအရောင်ခွဲခြားမှု၊ လူမျိုးရေးခွဲခြားမှု၊ ဘာသာရေးခွဲခြားမှုဆိုတာ ခေတ်နောက်ပြန်တဲ့အတွေးအခေါ် တွေ၊ကျဉ်းမြောင်းတဲ့ဝါဒတွေလို့ အများကယူဆနေကြပါပြီ။ ဒီလို မျိုးခွဲခြားမှုတွေ မြန်မာနိုင်ငံမှာရှိသင့်ပါသလား။ လူငယ်တွေကြားမှာဒီခွဲခြားမှုတွေအပေါ်မှာ ဘယ်လိုသဘောထားကြပါသလဲ။

တိုင်းရင်းသားသွေးရော တရုပ်သွေးပါပါတဲ့ မြန်မာနိုင်ငံက အမျိုးသမီးငယ်တစ်ဦးရဲ့အမြင်က–

“ကျမလူမျိုးစပ်တယ်။ သျှမ်းလည်းပါတယ်၊ မွန်လည်းပါတယ်၊ ဗမာသွေးလည်းပါတယ်၊ တရုပ်သွေးလည်းပါတယ်။ သူငယ်ချင်းမ (ဗမာလူမျိုး)တစ်ယောက်က ကျမကိုမျိုးမစစ်ဘူးဆိုပြီး အမြဲတမ်းစနောက်တယ်။ သူ့စိတ်ထဲမှာ အခုချိန်ထိ စွဲနေတုန်းက ဘာလဲဆိုတော့ တိုင်းရင်းသားတွေက မကောင်းဘူး။ ဗမာဆိုတဲ့ လူမျိုးကြီးစိတ်ဓါတ်သူ့မှာရှိနေသေးတယ်။ သူအိမ်ထောင်ပြုရင်တောင်မှ ဗမာစစ်စစ်ကိုဘဲယူမယ်လို့ သူအဲလိုအမြဲပြောတယ်။ ”

“မြန်မာပြည်မှာ ပအိုဝ်းလူမျိုးကလည်း တော်တော်လေးကိုခွဲခြား ဆက်ဆံခံခဲ့ရတယ်။ ရန်ကုန်မှာကျောင်းသွား တက်တော့ ပအိုဝ်းလေး သျှမ်းပြည်သားမဟုတ်ဘူး၊ မင်းတို့ ပြည်နယ်ကဘာလဲဆိုပြီးခွဲခြားမှုမျိုးတွေ ကျနော်ခံခဲ့ရတယ်။ ဗမာပြည်ရောက်တော့ ဗမာတွေကပြောတယ်။ သျှမ်းပြည်ရောက်လဲသျှမ်းတွေက“မင်းတို့ပအိုဝ်းတွေ မွန်ပြည်သထုံမှာ နေတယ်မဟုတ်လား။ မင်းတို့နေရာ မင်းတို့ပြန်သွားနေ”လို့ ပြောတယ်။ မွန်ကိုသွားရင်လည်း မင်းတို့နေရာက သျှမ်းပြည်တောင်ပိုင်းမှာမဟုတ်လား ဆိုတာတွေအပြောခံရတယ်။ ရန်ကုန်က သူငယ်ချင်း တချို့တွေကတောင် ပအိုဝ်းဆိုတာ ဘယ်လိုလူမျိုးလဲ။ တကယ်ရော ရှိ လို့လား လို့အမေးခံရတယ်။”

**ကိုကောင်းမြတ် (ပအိုဝ်း)**

“မြန်မာပြည်မှာ ၁၉၆၂ မှာ ဦးနုက နိုင်ငံတော်ဘာသာအဖြစ် ဗုဒ္ဓဘာသာကိုပြဌာန်းတယ်။ အဲဒီကတည်းက တိုင်းရင်းသားလူမျိုးတွေ စိတ်ထဲမှာ တမျိုးခံစားလာရတယ်။ အခုရန်ကုန်မှာ ကျနော်တို့ချင်းလူမျိုးတွေ မှတ်ပုံတင်နံပါတ် ၄/––– ပါရင် ဧည့်စာ ရင်းမပေးဘူး။ ပေးပြန် တော့လည်း အမျိုးမျိုးရစ်ခံရတယ်။ ကျနော် ကိုယ်တိုင် ၁၉၉၃ မှာ ၁၀ တန်းအောင်ပြီးတော့ ဗိုလ်လောင်းသင်တန်းတက်တယ်။ ခလရ ၁၃ မှာ ဖောင်သွားယူတော့ အဲဒီတပ်ရင်းက အရာရှိတွေက ကျနော့်ကို ‘ဘာသာမှာ မင်းခရစ်ယာန်ဆိုတာမထည့်နဲ့၊ ဗုဒ္ဓ ဘာသာလို့ထည့်ပါ။ ခရစ်ယာန်လို့ ထည့်ရင်မင်းအောင်မှာမဟုတ်ဘူး’ တဲ့။နောက်တစ်ခုက ကျနော်အနောက်ပိုင်းတက္ကသိုလ်တက်တော့ ကျောင်းကလူတွေက ကျနော် ချင်းလူမျိုးဆိုတော့ ခ ခွေးလို့ နောက်သလိုလိုနဲ့အတည်ပြောကြတာ။ ချင်းအမျိုးသမီးတွေဆိုရင် ခ ခွေးမလေး ဆိုပြီးတော့ ခေါ်ကြတယ်။ ဒီလိုခွဲခြားဆက်ဆံခေါ်ဝေါ်တာ အစိုးရက တိုက်ရိုက်ခိုင်းတာမဟုတ်ပေမဲ့ ဒီအတိုင်းသာဆက်သွားမယ်ဆိုရင် တိုင်းရင်းသားနဲ့ ဗမာလူမျိုးတည့်ဖို့က သိပ်မလွယ်ဘူးလို့ကျနော်သေချာပြောနိုင်တယ်။အခုအခြေအနေမှာ အမေရိကန်မှာ (အရင်က) အဖိနှိပ်ခံ လူမဲအိုဘားမားကသမ္မတဖြစ်လာတယ်။ ကျနော်တို့ မြန်မာနိုင်ငံ မှာလည်းအနှိမ်ခံရတဲ့ တိုင်းရင်းသားတွေ နိုင်ငံရေး အာဏာရလာတဲ့တစ်နေ့ ခွဲခြားဆက်ဆံမှုတွေ ပပျောက်မယ်လို့ထင်ပါတယ်။”

**မင်းတပ်က လိုင်ကျားထောင်း (ချင်း)**

“ကျမတို့ ၁၀ တန်းအောင်တော့ သူငယ်ချင်းတချို့ ဗိုလ်သင်တန်းသွားတက်ကြတယ်။ ခရစ်ယာန်ဘာသာ ကရင်လူမျိုးရော ကရင်မဟုတ်တဲ့ ဗမာလူမျိုးရောဘဲ။ ဝင်ခွင့်ဖြေတော့ ကရင်လူမျိုးတွေဟာဗမာလူမျိုးထက် တော်တော်အခွင့်အလမ်းနဲတယ်။ ဗိုလ်သင်တန်းတက်ခွင့်ရသွားတဲ့ ကရင်လူနည်းစုကလည်း ဗမာလူမျိုးတွေနဲ့လုပ်သက်အတူတူဘဲဖြစ်ပေမဲ့ ရာထူးတက်တာချင်းမတူပြန်ဘူး။ အစိုးရရဲ့ ပေါ်လစီအရခွဲခြားဆက်ဆံမှုတွေရှိခဲ့တယ်ဆိုတာတွေ့ရတယ်။ ကျမ ခင်မင်ရင်းနှီးရတဲ့ ဗမာအပါအဝင်တိုင်းရင်းသားတွေ အချင်းချင်းထဲမှာတော့ ခွဲခြားဆက်ဆံမှု သိပ်မရှိခဲ့ပါဘူး။”

**နန့်ဖောကေ(ကရင်)**

“လူမျိုးရေးမှာတောင်မှ ခွဲခြားဆက်ဆံမှုရှိတယ်ဆိုတော့ ဘာသာရေးအရခွဲခြားဆက်ဆံမှုဆိုတာ ပြောဖို့တောင် မလိုတော့ပါဘူး။ ဒါပေမဲ့ ဗိုလ်ချုပ်ခင်ညွန့်ကျသွားပြီး နောက်ပိုင်းမှာတော့ အဲလောက်ထိမရှိတော့ဘူးလို့ကျနော်မြင်ပါတယ်။ သူ့လက်ထက်တုန်းကဆိုရင် ဘာသာခြားတွေအတွက်တော်တော် အခက်အခဲဖြစ်ရတယ်။ ကျနော်က အစ္စလမ်ဘာသာဆိုတော့ပြဿနာ တစ်ခုခုဖြစ်ခဲ့ရင် ဘာသာရေးဘက်ဦးတည်တာ များတယ်။ သူတို့ရဲ့ ပေါ်လစီဘဲလို့ဆိုရမှာပေ့ါ။”

**ကိုမင်းဇော် (မူဆလင်)**

"ဦးဇင်းတို့လဲကြုံခဲ့ဖူးပါတယ်။ ဗမာလူမျိုး၊ တိုင်းရင်းသားလူမျိုး ဆိုတာရှိနေလို့ အခုချိန်ထိဒီမိုကရေစီမရသေးတာဖြစ်ပါတယ်။ ဗမာလူမျိုးတွေဟာသူတို့ကိုယ်သူတို့တကယ့်ကိုလူမျိုးကြီးလို့သတ်မှတ်တယ်။ အဲဒီလိုမျိုးက အကျင့်ကောင်းမဟုတ်ဘူးဒကာကြီး။ တကယ်လို့ ဒီမိုကရေစီရသွားရင်ဗမာလူမျိုးတွေပြောင်းထဲရောက်သွားမှာစိုးလို့အခုချိန်ကတည်းက ကျန်တဲ့တိုင်းရင်းသားလူမျိုးတွေကို လိုက်နှိမ်နေတာဖြစ်တယ်။"

**ဆရာတော် ဦးကုမာရ (ရခိုင်)**

"ဒီနေရာမှာ အပိုင်း ၂ ပိုင်းရှိတယ်လို့ကျနော်မြင်ပါတယ်။ တစ်ပိုင်းကတော့ တိုင်းရင်းသားအားလုံးပါဝင်တဲ့ ပြည်သူတွေဖြစ်တယ်။ နောက်တစ်ပိုင်းကတော့အုပ်ချုပ်သူအစိုးရအာဏာပိုင်အဖွဲ့အစည်းဖြစ်တယ်။ ပြည်သူတွေအပိုင်းကိုကြည့်ရင် ခွဲခြားဆက်ဆံတဲ့ ရာခိုင်နှုန်းတော်တော်နည်းမယ်လို့ထင်တယ်။ဘာလို့လဲဆိုတော့ကျနော်တို့ဗမာလူမျိုးရဲ့ပင်ကိုယ်စရိုက်စိတ်ဓါတ်က အေးအေးချမ်းချမ်း ဖြူဖြူစင်စင်နေလိုတယ်။ဥပမာရပ်ကွက်တစ်ခုအတွင်းမှာ မူဆလင်ကပွဲလုပ်ရင်လည်းဗမာက ပါနေတယ်။ ကရင်က ပွဲလုပ်တယ်ဆိုရင်လည်း ဗမာကပါနေတယ်။ ဘယ်ပွဲမှာဘဲဖြစ်ဖြစ် ဗမာကပါနေတယ်။ ဒါတွေကိုကြည့်ရင် ဗမာလူမျိုးတွေမှာ ခွဲခြားတဲ့စိတ်ဆိုတာမရှိပါဘူး။ အာဏာပိုင်တွေဘက်က ခွဲခြားဆက်ဆံတာကတော့ အခုမှမဟုတ်ပါဘူး။ ဟိုးအရင် မဆလလက်ထက်ကနေ နဝတ/နအဖလက်ထက်အထိဘဲ။ တိုင်းရင်းသား ပြည်သူတွေ မပြောနဲ့ သူတို့တပ်ထဲမှာရှိတဲ့ အာဏာပိုင်အဖွဲ့အစည်းကိုတောင် သူတို့ဖာသာသူတို့ခွဲခြားတဲ့ မူဝါဒတစ်ခုချမှတ်ပြီး လုပ်လာတာ။ အဲဒါတွေက သာဓကတွေဖြစ်တယ်။"

**ကိုဝင်းမြင့် (ဂျပန်)**

"ကျနော်တို့မှာ ဒီစနစ်နဲ့ ဒီလူမျိုးနဲ့ပတ်သက်လို့ ခွဲခြားထားရမှာဖြစ်တယ်။ကျနော်တို့ရခိုင်ပြည်မှာလည်း လူမျိုးစုတွေရှိတယ်။ဒီလူမျိုးစုတွေကြားထဲမှာ ခွဲခြားဆက်ဆံတာတွေမရှိခဲ့ပါဘူး။ ကျနော်ရင်းနှီးခဲ့တဲ့ ဗမာတွေအများကြီးရှိပါတယ်။ လူမျိုးတိုင်းမှာသူ့သမိုင်းနဲ့သူ ရှိကြတာချည်းဘဲ။ ဒါပေမဲ့ အခုလိုဖြစ်နေကြတာ စနစ်ကြောင့်ဖြစ်တယ်။ ဒီတော့ကျနော်တို့မုန်းနေတာက လူမျိုးကိုမဟုတ်ဘူး။ စနစ်ကိုမုန်းနေတာဖြစ်တယ်။ ဒါကြောင့်မို့ ကျနော်တို့ ဒီမိုကရေစီတောင်းနေကြတာဖြစ်တယ်။ အမေရိကန်နိုင်ငံမှာ မျိုးဆက်သစ်တွေဆိုတာ ဘယ်လောက်အရေးကြီးလဲ။ အခုသမ္မတဖြစ်လာတဲ့ ဘရက်အိုဘားမားကိုမြင်တွေ့နေကြရပြီ။ လူငယ်တွေ ဘယ်လောက်အားမာန်တက်ဖို့ကောင်းသလဲ။ ကမ္ဘာကြီးကို လွှမ်းမိုးချုပ်ကိုင်လာဖို့အတွက် လူငယ်မျိုးဆက်သစ်တွေ ပေါ်လာခဲ့ပြီ။ ဒီတော့ ဒီအချိန်မှာကျနော်တို့စနစ်ကိုတိုက်ရမယ်။ လူမျိုးကိုတိုက်ဖို့မဟုတ်ဘူး။ ဒီအချိန်မှာ ဂလိုဘယ်လိုက်ဇေးရှင်းဆိုတဲ့ ရွာကလေးတစ်ရွာ တည်ဆောက်ရမယ့်အချိန်ဖြစ်နေတယ်။"

**ခိုင်အောင်ကျော် (ရခိုင်/အမေရိကန်)**

"မြန်မာပြည်သူတွေဟာ အချင်းချင်းရိုင်းပင်းကူညီမှု၊ ကိုယ်ချင်းစာနာမှု၊ သီးခံခွင့်လွှတ်မှုဆိုတဲ့အပိုင်းမှာ အမေရိကန်ပြည်သူ၊ ဥရောပပြည်သူတွေထက်အများကြီးသာပါတယ်။ဒါပေမဲ့မဆလခေတ်ကတည်းကကျင့်သုံးလာတဲ့ လွဲမှားတဲ့ပေါ်လစီကြောင့်သာလျှင် တိုင်းရင်းသားအချင်းချင်းကြား၊ ပြည်သူတွေကြား ဘာသာအချင်းချင်းအကြားမှာကြီးမားတဲ့ခြားနားမှုတွေပေါ်လာပြီး အခုလိုခွဲခြားမှုတွေ ဖြစ်လာတာဖြစ်တယ်။ ဒါပေမဲ့ စစ်မှန်တဲ့ဒီမိုကရေစီစနစ်ပေါ်ထွန်းလာတဲ့ တစ်နေ့ကျရင် အမေရိကန်နိုင်ငံလိုဘဲ ကမ္ဘာကိုစံပြနိုင်လောက်အောင် ကျနော်တို့ စွမ်းဆောင်နိုင်လိမ့်မယ်လို့ အခိုင်အမာယုံကြည်ပါတယ်။ အာဏာရှင်ဆိုတာ တသက်တာအတွက်မဟုတ်တဲ့အတွက် ကျနော်ပြောတဲ့တစ်နေ့ဟာမဝေးတော့တဲ့အနာဂတ်မှာဖြစ်တယ်လို့ ကျနော်ယုံကြည်ပါတယ်။"

**ကိုလှအောင်**


**ၵေႃးၶၢဝ်ႇၽူႈတွၼ်ႈႁပ်ႉ (ႁွၼ်းၶေႃ)**

| | |
|---|---|
| ၽူႈပွင်ၵၢၼ် | ၸၢႆးၸိုၼ်းသႅဝ် |
| ၽူႈထတ်းထွင် (လိၵ်ႈတႆး/မၢၼ်ႈ) | ၸၢႆးသႅင်လိူၼ်ႈ |
| ၽူႈသိုဝ်ႉၶၢဝ်ႇ | ၼၢင်းသႅင်ၸႅဝ်ၽွင်ႉ |
| | ၸၢႆးလႅင်းလိူၼ် |
| | ၸၢႆးၽွၼ်းလီ (ၼၢင်ႈလုမ်း) |
| | တႅၼ်းတႆး |
| | ၸႂ်းသယၢမ် |
| | ဝိရိယ (ပိုၼ်ႉတီႈ) |
| ၽိမ်းလိၵ်ႈ | ၼၢင်းယေႈႁွမ်ၶိူင်း |
| | ၸၢႆးယီႈၽူင်း |
| ႁၢင်ႈၸူင်ႈ | ဝႃႇလိင်ႇတ |
| | ၸၢႆးၼုမ်ႇႁွၼ်း |

**သျှမ်းသံတော်ဆင့်သတင်းစဉ် (Shan Herald)**

| | |
|---|---|
| အယ်ဒီတာချုပ် | ဦးခွန်စိုင်း |
| အယ်ဒီတာ (သျှမ်း/ဗမာ) | စိုင်းစိန်ကြည် |
| သတင်းထောက် | နန်းဆယ်နန်ခယိုဖှာ |
| | စိုင်းလျှန်လေင် |
| | စိုင်းဖွမ်းလီ (ရုံး) |
| | တိန်းတိုင်း |
| | ချိုင်းဆယာမ် |
| | ဝိရိယ (ဒေသခံ) |
| စာစီစာရိုက် | နန်းယေ့ဟွမ် |
| | စိုင်းယို့ဖုန်း |
| ဒီဇိုင်း | ဝါလိန္ဒ |
| | စိုင်းနွံဂွဏ်း |



လဝ်ႈယွတ်ႈသိုၵ်းမွၵ်ႇလၢတ်ႈၶေႃႈၵႂၢမ်း ဝၼ်းပီမႂ်ႇတႆး တီႈလွႆသၢမ်သိပ်း
ၼႄႈလိၼ်သိုၵ်းမၢႆ 2 တပ်ႉသိုၵ်းလိူင်ႈတႆး



ပၢင်ပွႆးႁပ်ႉတွၼ်းပီမႂ်ႇတႆး ဝၢၼ်ႈႁွင်းမုင်ႈမိူင်း ၼႄႈလိၼ်သိုၵ်းမၢႆ 6 SSA



ပၢင်ပွႆးႁပ်ႉတွၼ်းပီမႂ်ႇတႆး တီႈလွႆသၢမ်သိပ်း
ၼႄႈလိၼ်သိုၵ်းမၢႆ 2 တပ်ႉသိုၵ်းလိူင်ႈတႆး




ၸၢႆးၵွင်ႉထီးၶမ်း ႁူမ်ႈႁပ်ႉပီမႂ်ႇတႆးတီႈမိူင်းသိင်ၵႃႇပူဝ်ႇ



ပၢင်ပွႆးႁပ်ႉပီမႂ်ႇတႆး တီႈၵဵင်းမႆႇ လိူင်ႈထႆး



ပၢင်ပွႆးႁပ်ႉပီမႂ်ႇတႆး တီႈဝၢၼ်ႈထိူတ်ႉထႆး (ၶိုၼ်ႇတဵၵ်ႉ) လိူင်ႈထႆး




ပၢင်ပွႆးႁပ်ႉပီမႂ်ႇတႆး ဝဵင်းၸမ်ႇၶမ်း မိူင်းတႆးပွတ်းႁွင်ႇ







S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
ตู้ ปณ. 15 ปณฝ. หนองหอย อ. เมือง จ. เชียงใหม่ 50007
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org